# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ

Democratic Party For A New Society (DPNS)

ပါတီစည်းရုံးရေးစာစဉ်

မေ၊၂၀၂၅





ဒီလစကား

# အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အခန်းဆက်

“၈ နာရီ လုပ် _ ၈ နာရီ ပျော် _ ၈ နာရီ နား” လို့ ကမ္ဘာတုန်အောင် ဟစ်ကြွေး တိုက်ပွဲဝင်ခဲ့ကြတဲ့ မေဒေး-အလုပ်သမားတိုက်ပွဲဟာ (၁၃၉) နှစ် တိုင်ခဲ့ပြီ။ မေဒေး-ကမ္ဘာ့အလုပ်သမားအောင်ပွဲနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြတာကပဲ (၁၃၆) နှစ် ဖြစ်ခဲ့ပြီ။ မေဒေးတိုက်ပွဲကို အောင်ပွဲလို့ ပြောရတာဟာ ကမ္ဘာ့အတိုင်းအတာ သွေးစည်းညီညွတ်မှုတည် ဆောက်နိုင်ခြင်းနဲ့ တရားမျှတတဲ့ အခွင့်အရေးတိုင်းကို တိုက်ပွဲနည်းနဲ့ အရယူ နိုင်စွမ်းရှိခြင်းဆိုတဲ့ ၂ ချက်ကို အခိုင်အမာ သမိုင်းမော်ကွန်း တင်နိုင်ခဲ့လို့ ဖြစ်တယ်။

တကယ်က ၁၈ ရာစုအလယ် စက်မှုဖွံ့ဖြိုးလာပြီးတဲ့နောက်၊ ၁၉ ရာစု ဆန်းစ’ကတည်းက အလုပ်သမား လူတန်းစားရဲ့ ရုန်းကန်လှုပ်ရှားမှုတွေ ပြင်းထန်လာခဲ့ကြပြီး၊ ၁၉ ရာစု နှောင်းပိုင်းမှာ တရားမျှတတဲ့ အခြေခံအခွင့်အရေး တောင်းဆိုချက်တွေနဲ့ မေဒေးတိုက်ပွဲ ပေါက်ကွဲ ထွက်လာခဲ့တာ။ ဗမာပြည်အနေနဲ့ ကျတော့ အဲ့ဒီကာလ (၁၈၂၄ _ ၁၈၈၆) ကျမှ စက်မှုဖွံ့ဖြိုးမှု စ’မိတ်ဆက်ခဲ့ရတာနဲ့ ကိုလိုနီ အဖြစ် ကျရောက်ကျွန်ပြုခံရတာ တဆက်တည်းလိုလို ဖြစ်ခဲ့တယ်။ ကမ္ဘာကြီးနဲ့ ယှဉ်ရင် နှစ် ရာဂဏန်းနည်းနည်း နောက်ကျဖွံ့ဖြိုးခဲ့ရတယ်။ ဒါပေမယ့် စက်မှုဖွံ့ဖြိုးမှုနဲ့ အလုပ်သမားလူတန်းစား စ’စုဖွဲ့ဖြစ်တည်တဲ့ ကာလတိုအတွင်း ၂၀ ရာစုရဲ့ အဦးပိုင်းကာလ (၁၉၁၆_၁၉၁၇) မှာပဲ ဗမာ့အလုပ်သမားလှုပ်ရှားမှု (ဘီအိုစီရေနံကုမ္ပဏီ အလုပ်သမား တိုက်ပွဲ) တွေ စ’ဖြစ်ပွားခဲ့တယ်။ အဲ့ဒီကာလက စပြီး ဒီနေ့ နွေဦးတော်လှန်ရေးအထိ ဗမာပြည်အလုပ်သမား လူတန်းစားရဲ့ ရုန်းကန်လှုပ်ရှား တိုက်ပွဲဝင်ခဲ့မှုဟာ ဗမာ့အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ သမိုင်းတလျှောက် ခွဲခွာမရ အောင် တဆက်တစပ်တည်း ရှိခဲ့တယ်။ ကမ္ဘာသိ ကျော်ကြားခဲ့တဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံကြီးရဲ့ အစ’ဟာ ၁၉၃၈ _ ရေနံမြေ အလုပ်သမားသပိတ်ကနေ အစပြုခဲ့တာပဲ။ ဖက်ဆစ်တော်လှန်ရေး၊ တကျော့ပြန်

ကိုလိုနီအောက်ကလွတ်မြောက်ရေး တိုက်ပွဲတွေမှာလည်း ဗမာပြည်အလုပ်သမားလူတန်းစားဟာ တပ်ဦးက ပါဝင် အားထုတ်ကြိုးပမ်းခဲ့တာပဲ။

နွေဦးတော်လှန်ရေးကို ကြည့်ရင်လည်း ၂၀၂၁၊ ဖေဖော်ဝါရီ အာဏာသိမ်းပြီးပြီးချင်း စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ကြောင်း လမ်းမတွေပေါ် ထွက်ဆန္ဒပြခဲ့ကြတဲ့ သပိတ်တပ်ဦးမှာ အလုပ်သမားသမဂ္ဂတွေ ပါခဲ့တာ အထင်အရှားပဲ။ အဲ့ဒီနောက် စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်ရေးတိုက်ပွဲဟာ လက်နက်ကိုင် ပြည်သူ့ခုခံစစ်အဆင့်ဆီ တက်လှမ်းတော့လည်း အလုပ်သမား သမဂ္ဂတွေနဲ့ အလုပ်သမားရဲဘော်တွေဟာ သွေးမြေကျတိုက်ပွဲတွေထဲမှာ ဂုဏ်ပြောင်ပြောင်နဲ့ ဆက်လိုက်ပါ နေကြဆဲ ဖြစ်တယ်။




ဒါဟာ လူတန်းစားလွတ်မြောက်ရေးတိုက်ပွဲကို သက်ဆိုင်ရာဒေသ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတွေနဲ့ တဆက်တစပ်တည်း ဆင်နွှဲရတယ်ဆိုတဲ့ သီဝရီပိုင်း မှန်ကန်တာကို လက်တွေ့သက်သေခံ နေတယ်လို့ ဆိုရမှာပဲ။ ဒါ့ကြောင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ အခန်းဆက်ဖြစ်တဲ့ နွေဦးတော်လှန်ရေး ဟာ ဗမာပြည် အလုပ်သမားလူတန်းစားရဲ့ အခွင့်အရေးဆိုင်ရာတိုက်ပွဲတွေကို တော်လှန်ရေးရဲ့ အစိတ်အပိုင်း တရပ်အဖြစ် တပါတည်း ဆင်နွှဲတိုက်ပွဲဝင်ကြရမှာပဲ ဖြစ်တယ်လို့ ဒီလစကားအဖြစ် ဖော်ပြအပ်ပါတယ်။ ။

■■■

** ရည်ညွှန်း ** လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ ပါတီဝင်လက်စွဲ (ဖွဲ့စည်းပုံစည်းမျဉ်း) စာအုပ်ပါ
**("နိဒါန်းစကား"** နှင့် **"ပါတီ၏ အခြေခံနိုင်ငံရေးရပ်တည်ချက်")**



# ခစ်ကောင်စီဥက္ကဋ္ဌ ပြောသွားတဲ့ ခစ်ဆက်တိုက်မယ် ရွေးကောက်ပွဲ ဆက်လုပ်မယ်ဆိုတဲ့ လုပ်ငန်းစဉ်တွေဟာ လျှော့ပြင်ပြောင်လဲလို့ တနိုင်ငံလုံး ဒုက္ခရောက်နေချိန်မှာ ဆက်လုပ်နိုင်ချေ ရှိသေးလား

ဦးအောင်မိုးဇော် (ဥက္ကဋ္ဌ၊ လူထုဘောင်သစ်ဒီမိုကရက်တစ်ပါတီ)

**Burma News Netwok (BNN)** ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၂၉ ရက်

**မေး - စစ်တပ်က လုပ်မယ့် အစီအစဉ်တွေ ဘယ်လိုတုန့်ပြန်မလဲဆိုတာ မပြောခင် ငလျင်လှုပ်မှုနဲ့ ပတ်သက်ပြီး ဘာများ ပြောဆိုလိုတာ ရှိမလဲ။**

**ဖြေ -** တော်တော်လေး စိတ်မကောင်းစရာဖြစ်တယ်။ ဒါ ကျနော်တို့ တတိုင်းပြည်လုံး အတော် ထိခိုက်တဲ့ကိစ္စဖြစ်တယ်။ အဓိကအားဖြင့်တော့ အထက်ဗမာပြည် မန္တလေး၊ စစ်ကိုင်းတို့ ဒီဘက်မှာ အောက်ပိုင်းတချို့ တော်တော်ကို ဆိုးဆိုးရွားရွား ထိခိုက်တဲ့ အခြေအနေတွေ ဖြစ်တယ်။ ကျနော်တို့ တိုင်းပြည်သမိုင်းမှာ အင်းဝခေတ်၊ အင်းဝငလျင်လို့ နာမည်ကြီးခဲ့တယ်။ ဟိုအစောပိုင်းတွေမှာ နှစ်ပေါင်း ၁၀၀ လောက် ရှိပြီထင်တယ်။ အဲလို အနေအထားတွေနဲ့တော့ တူတယ်။ သို့သော်လည်း အဲကာလ အဲအခြေအနေတုန်းက တောင်မှ လူပေါင်း ၄၀၀ လောက် ဆုံးရှုံးရတယ်လို့ သမိုင်းမှတ်တမ်းတွေမှာ တွေ့ရတယ်။ ဒီကာလဆိုရင် ကျနော်တို့ ပြည်သူပြည်သားတွေ ဆုံးရှုံးတာ တော်တော်များလိမ့်မယ်။ ဆုံးရှုံးတာဆိုတာကလည်း တကယ်တမ်းကျတော့ သာမန်ပြည်သူတွေ နစ်နာတာ အတော်ကို များတယ်လို့ ပြောရမှာပေါ့။ ဒီအခြေအနေကြီးကို



ကျနော်တို့ ပြန်ပြီးတော့ ထိန်းသိမ်းနိုင်ဖို့ စိတ်ဓါတ်ရေးရာအရလည်း ပြန်ပြီးတော့ မြှင့်နိုင်ဖို့ အတော်ကို လုပ်ယူရဦးမှာ ဖြစ်တယ်။ ကျနော်တို့ တိုင်းသူပြည်သားတွေ စည်းစည်းလုံးလုံးနဲ့ ဒီငလျင်ဒဏ်က ပြန်ပြီးတော့ ကျော်လွှားနိုင်အောင်၊ ပြန်ပြီးတော့ ရပ်တည်နိုင်အောင် ကျနော်တို့ ဝိုင်းဝန်းကြိုးစားကြရဦးမှာ ဖြစ်တယ်လို့ ပြောချင်တယ်။ ဒီကြားထဲမှာ အားလုံးသိကြတဲ့အတိုင်းပဲ စစ်အုပ်စုက ဘာပဲဖြစ်ဖြစ် သူ့အကျိုးအမြတ်ရဖို့ စဉ်းစားနေတယ်။ ငလျင်တတိုင်းတပြည်လုံး ဖြစ်နေတဲ့ အချိန်မှာတောင်မှ ဟိုမှာ ဗုံးကြဲ၊ ဒီမှာ ဗုံးကြဲက လုပ်ချင်သေးတယ်။ ငလျင်ဒဏ်ကိုခံရတဲ့ ပြည်သူကိုလည်းပဲ ပုံသဏ္ဌာန်မျိုးစုံနဲ့ ကန့်သတ်ပြီးတော့ အကျပ်အတည်းတွေ့အောင်၊ သူတို့လိုချင်တဲ့ ကိစ္စတွေဖြစ်အောင် ဆက်ပြီး လုပ်နေတာ ကျနော်တို့ တွေ့နေရတယ်။ စိတ်မကောင်းစရာ အခြေအနေဖြစ်တယ်။

**မေး - နိုင်ငံတကာကို အရေးပေါ်အကူအညီတွေ တောင်းထားပေမယ့် အရင် နာဂစ်တုန်းကလို အခုလည်း ဆက်လုပ်နေတယ်။ ငလျင်မလှုပ်ခင် တရက်မှာ စစ်ကောင်စီဥက္ကဋ္ဌက စစ်ဆက်တိုက်မယ်၊ ရွေးကောက်ပွဲ ဆက်လုပ်မယ်ဆိုပြီး ပြောတယ်။ အခု အရေးပေါ်အခြေအနေဖြစ်လည်း ဆက်သွားမယ့်အပေါ် ဘယ်လို မြင်လဲ။**

**ဖြေ -** ကျနော်တို့ အတိုက်အခံအင်အားစုတွေ၊ တော်လှန်တဲ့ အင်အားစုတွေ အနေနဲ့ကတော့ လုပ်ရမယ့်အလုပ်ကို ဆက်ပြီးတော့ လုပ်ရမယ်ဖြစ်တယ်။ သူတို့ပြောနေတဲ့ ရွေးကောက်ပွဲတို့၊ သူတို့ ဘာလုပ်မယ် ဆိုတဲ့ကိစ္စကို ခေါင်းထဲမထည့်ဘဲနဲ့ ကိုယ်လုပ်စရာရှိတာကို တစိုက်မတ်မတ် ဆက်လုပ်ဖို့ပဲ လိုတယ်လို့ ကျနော့်ကတော့ ယူဆပါတယ်။ ကနေ့အခြေအနေမှာဆို ခင်ဗျားသိတဲ့အတိုင်းပဲ အထက်ဗမာပြည်လည်း အထက်ဗမာပြည်အလျောက်၊ မကွေးဆိုလည်း မကွေးအလျောက်၊ ရခိုင်ဆိုလည်း ပြည်နယ်တခုလုံးတောင် လွတ်မြောက်လု ဖြစ်နေပြီ။ အဲဒီအခြေအနေတွေက အမှန်တကယ် ဖြစ်တည်နေတယ်။ ရန်ကုန်လို နေရာမျိုးမှာလည်း တကယ်တမ်းကျတော့ တမြို့လုံး တနေရာလုံးကို ဒီကောင်တွေ ထိန်းချုပ်ထားနိုင်တာ မဟုတ်ဘူး။ ပဲခူးရိုးမတကျောလည်း ဒီအတိုင်းပါပဲ။ ကျနော်တို့တပ်တွေ၊ ကျနော်တို့ ရဲဘော်တွေ၊ ဒီတော်လှန်ရေးသမားတွေကပဲ မြို့တွေရွာတွေကို ထိန်းထားနိုင်တယ်။ ခြိမ်းခြောက်နိုင်တဲ့ အနေအထားတွေ ရှိတယ်။ ရခိုင်ဘက်က ရဲဘော်တွေဆို ပန်းတောင်းနားကို ကပ်နေပြီ။ အဲဒီဒေသတွေမှာရှိတဲ့ စစ်အုပ်စုရဲ့ လက်နက်စက်ရုံတွေကို ခြိမ်းခြောက်နိုင်နေတဲ့အနေအထား ဖြစ်နေပြီ။ ဟိုဘက်မှာလည်း ဧရာဝတီတိုင်းကို ရခိုင်ဘက်ကနေ ကျနော်တို့ ရဲဘော်တွေ ဝင်တော့မယ့်အခြေအနေ၊ ဝင်လုနီးပါး အခြေအနေဖြစ်နေတယ်။

**မေး - နိုင်ငံရေးပါတီတခုအနေနဲ့ ရွေးကောက်ပွဲလုပ်မယ်၊ ဘယ်လိုဝင်မယ်၊ ဘယ်လိုလုပ်မယ်လို့ ပြောတဲ့အပေါ် ဘယ်လို မြင်လဲ။**

**ဖြေ -** အခြေခံကတော့ သူတို့ပြောသွားတာ အပိုင်းလေးပိုင်းခွဲပြီး လုပ်မယ်လို့ ပြောသွားတယ်။ ရွေးကောက်ပွဲကို အချိန်ကြာမြင့်စွာ အပိုင်းတွေခွဲပြီးတော့ လုပ်တဲ့ကိစ္စက ကျတော်တို့ တိုင်းပြည်မှာ ကြုံခဲ့ဖူးပါတယ်။ လွတ်လပ်ရေး ရပြီးခါစ ပထမဆုံးအကြိမ် ရွေးကောက်ပွဲမှာပဲ တနှစ်လောက် ကျင်းပခဲ့ရတယ်။ သုံးကြိမ်လောက် ခွဲပြီးတော့ ကျင်းပခဲ့ရတယ်။ အခုလည်း သူက လေးကြိမ်ကျင်းပမယ်လို့ ပြောတယ်။ ဒါပေမယ့် မတူတဲ့ အချက်က ဘာလဲဆိုတော့ လွတ်လပ်ရေးရပြီးခါစ အခြေအနေ၊ ကမ္ဘာ့နိုင်ငံရေး အနေအထား၊

ဒေသတွင်းနိုင်ငံရေး အနေအထား၊ ကျနော်တို့ တိုင်းပြည်ရဲ့ အနေအထားနဲ့ အခုအခြေအနေက အတော်လေးကို သိသိသာသာကြီး ကွဲပြားသွားပြီ ဖြစ်တယ်။ အခုအခြေအနေမှာတော့ သုံးပိုင်းလုပ်မလား၊ လေးပိုင်းလုပ်မလားဆိုတဲ့ ကိစ္စတွေကို တမ္ဘာလုံးက စိတ်ဝင်စားဟန် မပြပါဘူး။ အဓိကတော့ သူတို့ ရွေးကောက်ပွဲလုပ်တယ် ဆိုပြီးတော့၊ အဲရလဒ်ကို ကိုင်ပြီးတော့ သူတို့ထွက်ချင်တဲ့ နိုင်ငံရေးထွက်ပေါက်ကို ထွက်ဖို့ ကြိုးစားတဲ့ ကြိုးစားမှု ပဲဖြစ်တယ်။ ဒါတောင် အခု ငလျင်မတိုင်ခင်ရက်က သူပြောသွားတာ ဖြစ်တယ်။ ငလျင်ဖြစ်ပြီးတဲ့ အခြေအနေမှာ အဲအနေအထားကို ပြောကောင်းမှ ပြောနိုင်တော့မှာ ဖြစ်တယ်။ နဂိုမူလ ရည်မှန်းထားတဲ့ ဒေသတွေမှာ ရွေးကောက်ပွဲလုပ်မယ်ဆိုတဲ့ ကိစ္စက အခြေအနေပိုဆိုးသွားပြီလို့ ကျနော်ကတော့ ယူဆပါတယ်။ သို့သော်လည်း နာဂစ်တုန်းကလည်းပဲ လူတွေအများကြီး သေကြေသွားတာကို မဲစာရင်းထဲထည့်ပြီး ရွေးကောက်ပွဲတောင် လုပ်သွားသေးတာပဲ။ ဒီနေ့အခြေအနေမှာလည်း အဲလိုအနေအထားမျိုး လုပ်ကောင်းလုပ်နိုင်တယ်။ သို့သော်လည်းပဲ ကျနော်တို့ ပြည်သူတွေကတော့ ဘယ်လိုမှ စိတ်ဝင်စားဟန်မပြပါဘူး။ တပြိုင်နက်တည်းမှာပဲ ဒီရွေးကောက်ပွဲဟာ လက်တွေ့မယ် အထမြောက်လိမ့်မယ်လို့ ကျနော်အနေနဲ့ မယူဆပါဘူး။

ဖြစ်ခဲ့လို့ရှိရင်လည်း သူနဲ့ ဖက်ဆစ်နဲ့ ဖက်ဆစ်နောက်လိုက်တွေပဲ ဒီထဲမှာ ပါကြလိမ့်မယ်လို့ ယူဆတယ်။ တကယ့် ဒီမိုကရေစီနိုင်ငံရေးပါတီတွေ၊ ဒီမိုကရေစီရေး နိုင်ငံရေးအဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေကတော့ ဒီရွေးကောက်ပွဲကို လုံးဝ စိတ်ဝင်စားလိမ့်မယ် မထင်ဘူး။ ဒါကတခု၊ နောက်တခုက သူတို့ ရွေးကောက်ပွဲလုပ်လို့ရှိရင်လည်း ကျနော်တို့ တိုင်းပြည်ထဲမှာ တိုင်းပြည်ရဲ့ နိုင်ငံရေးပြဿနာတွေ ပြေလည်မှာ မဟုတ်ဘူး။ သွေးထွက်သံယိုမှုတွေပဲ ဆက်ဖြစ်လိမ့်မယ်။ ဒါကြောင့် ကနေ့ကာလမှာ ရွေးကောက်ပွဲဟာ အဖြေမဟုတ်ဘူးလို့ ကျနော်အနေနဲ့ ပြောချင်တယ်။



တိုင်းပြည်ပြဿနာတွေကို တကယ်တမ်း ပြေလည်စေချင်တယ်၊ တကယ်တမ်း ဖြေရှင်းချင်တယ် ဆိုရင် စစ်တပ်က နိုင်ငံရေးက ထွက်ဖို့ဖြစ်တယ်။ ကရင်နီပြည်နယ်မှာလည်း KNPP က သူ့ဒေသတခုလုံးကို သူ စပြီး ထိန်းချုပ်နေပြီ။ ကရင်ဒေသမှာလည်း KNU က သူ့ဒေသကို စ,ထိန်းချုပ်နေပြီ။ ရခိုင်မှာဆိုရင်လည်း ရခိုင်ပြည် တပြည်လုံးကို AA က ထိန်းချုပ်ထားနိုင်တဲ့အခြေအနေ ရှိနေပြီ။ အဲလိုပဲ မြောက်ပိုင်းမှာရော တပ်တွေက၊ အထက်ဗမာပြည်မှာဆိုလို့ရှိရင် မန္တလေးနားကို ကပ်နေပြီ။ ပဲခူးဘက်ကတပ်တွေဆိုလည်း ဒီဘက်ကိုရောက်လာပြီ။ ဆိုတော့ အဲအခြေအနေတွေက တကယ်ကို ပေါင်းဆုံနေပြီ။ ကိုယ့်ပြည်နယ်၊ ကိုယ့်ဒေသ လွတ်မြောက်ရေးကို ကိုယ့်ဘာသာကိုယ် လုပ်နေတဲ့ အနေအထားတွေ ဖြစ်နေပြီ။ စစ်အုပ်စု တပ်တွေက သူ့တပ်ရင်းတပ်ဖွဲ့အသီးသီးဆီကို ပြန်ဆုတ်ခွာနေရတယ်။ ပြန်ပြီးတော့ ခံစစ်ယူနေရတဲ့ အနေအထားမှာရှိနေတယ်လို့ ပြောချင်တယ်။

**မေး- ကျနော်တို့ ဒီမိုကရေစီအင်အားစုတွေဘက်ကကော ရွေးကောက်ပွဲကို ဘယ်လိုဆန့်ကျင်ကြမလဲ။**

**ဖြေ -** ကနေ့အခြေအနေအရဆိုရင် သူရွေးကောက်ပွဲ လုပ်နိုင်တဲ့နေရာ ဘယ်နေရာတွေ ရှိလို့လဲ။ မြို့ပေါ်လေးတွေမှာ ကွက်ကွက်ပြီး လုပ်ရင်တော့ မပြောတတ်ဘူးပေါ့။ ရန်ကုန်မြို့လို သူတို့ပိုင်တဲ့ နေရာတွေမှာ မဲရုံးတရုံ၊နှစ်ရုံ ဆောက်ပြီးလုပ်ရင်တော့ ပုံစံတမျိုးပေါ့။ မန္တလေးဆိုလည်း ဒီအတိုင်းပါပဲ၊ အဲ့လိုပဲ စစ်ကိုင်းမှာကော၊ မကွေးမှာကော ဘယ်နေရာတွေမှာ သူလုပ်နိုင်မယ့် အခြေအနေရှိမလဲပေါ့။ ကျနော်တော့ ဘယ်လိုမှ မတွေ့ဘူး။ သူလုပ်နိုင်တဲ့ ဒေသက ဧရာဝတီတိုင်းလို ဒေသတချို့မှာ လုပ်ကောင်းလုပ်နိုင်လိမ့်မယ်။ တနင်္သာရီတိုင်းလို ဒေသတချို့မှာ လုပ်ကောင်း လုပ်နိုင်လိမ့်မယ်။ အဲ့လိုပဲ မွန်မှာလည်း ဒေသတချို့မှာ လုပ်ကောင်းလုပ်နိုင်လိမ့်မယ်။ သို့သော်လည်း အဲဒီ ဒေသတွေမှာလည်းပဲ တကယ်တမ်းကျတော့ လက်နက်ကိုင် တော်လှန်ရေးအင်အားစုတွေက ခုခံရေးစစ်ပွဲတွေ တိုးတိုးပြီး ဆင်နွှဲနေတာ အားလုံးမျက်မြင်ပဲ ဖြစ်တယ်။ သူလုပ်နိုင်တဲ့ နေရာတွေက အောက်ပိုင်းဒေသတွေမှာ နေရာအချို့ပဲရှိတယ်။ ရန်ကုန်တောင် ကောင်းကောင်း လုပ်နိုင်ဖို့ မလွယ်ဘူးလို့ ကျနော်ထင်တယ်။ သူလုပ်မယ်ဆိုတဲ့ ရွေးကောက်ပွဲက တကယ်တမ်းကျတော့ သူ့အာဏာတည်မြဲရေးကို ရှေးရှုတယ်။ တပြိုင်နက်တည်းမှာပဲ ကနေ့ ကမ္ဘာ့အခင်းအကျင်းကဆိုရင်လည်း သူ့ကို အားပေးနေတဲ့ ရုရှား၊ တရုတ်နိုင်ငံတို့ရဲ့ တစုံတရာ အကူအညီကို မျှော်လင့်ပုံရတယ်။ ဒါတောင်မှ တရုတ်နိုင်ငံက မင်းကိုငါ ထောက်ခံပါတယ်လို့ အခုချိန်ထိ ပြောင် မပြောသေးဘူး။ ပြောင်ကြီး ပြောနေတာဆိုလို့ ပူတင်တယောက်ပဲ ရှိတယ်။ အဲဒီခြေအနေကတော့ တကယ်ဖြစ်နေတာလို့ ကျနော်ထင်တယ်။

**မေး - နယ်စပ်က စခန်းတွေသိမ်းတာအပြင် ပဲခူးရိုးမနဲ့ ရန်ကုန် - မန္တလေး ကားလမ်းပေါ် ချဉ်းကပ်လာတဲ့ KNU ရဲ့ဗျူဟာမှာ ထူးခြားတယ်လို့ မြင်တယ်။ အဲအပေါ် ဘယ်လိုများမြင်လဲ။**

**ဖြေ -** ဟုတ်တယ်။ တကယ်တမ်းကျတော့ ကျနော်တို့ မြို့နားမှာကိုပဲ လက်နက်ကိုင်တပ်တွေ၊ တော်လှန်ရေးတပ်တွေက ရှိနေပြီ။ လက်နက်ခဲယမ်း အခြေအနေကြောင့်သာ တိုက်ပွဲကြီးကြီး မဖော်နိုင်တာ။ သို့သော်လည်း အခုအခြေအနေ ကာလကို တကယ်ရောက်တဲ့အခါကျတော့ ပို,ပိုပြီးတော့ ကျနော်တို့ဘက်က ရဲဘော်တွေ ထိုးစစ်ဆင်နေတာ တွေ့ရတယ်။ ပြည်ခရိုင်တို့ သာယာဝတီခရိုင်တို့ မှာ။

တော်လှန်ရေးတပ်တွေက လက်တွေ့မှာက သူ့မြို့သူ့ရွာမှာ နေပြီးတော့ တော်လှန်ရေးလုပ်နေသလို ဖြစ်နေတယ်။ အဲလိုအခြေအနေတွေအောက်မှာ ဒီကောင်တွေ ရွေးကောက်ပွဲ ဘယ်လိုလုပ်မယ် ဆိုတဲ့အရာကို ကျနော်တို့ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ ရွေးကောက်ပွဲ လုပ်မယ်လို့ ရည်ရွယ်ချက်ရှိရင်လည်း ရည်ရွယ်ချက် ခပ်ဆိုးဆိုးပဲ ဖြစ်လိမ့်မယ်။ ခုနကပြောသလို ပြည်သူလူထုက ဒီအခြေအနေတွေ စိတ်ပျက်သွားအောင်လို့ ဖန်းတီးဖို့ ဖြစ်တယ်လို့ ကျနော်ထင်တယ်။ ဆိုလိုတာက ရွေးကောက်ပွဲဖြစ်လာမယ် လူတွေ သတ်ကြမယ်၊ ဖြတ်ကြမယ်။ အချင်းချင်း တိုက်ကြ၊ ခိုက်ကြမယ် အဲ့လိုအခြေအနေတွေ ဖြစ်အောင်လို့ စစ်အုပ်စုက တမင်တကာကို ဖန်းတီးနေတာဖြစ်တယ်လို့ ကျနော်တော့ ယူဆတယ်။

**မေး - တော်လှန်ရေး အင်အားစုတွေ ရှေ့သွားမယ့် ပန်းတိုင်နဲ့ပတ်သက်ပြီး ဘယ်လောက်ထိ ခိုင်ခိုင်မာမာရှိလဲ။ အရင်ခေတ် တပ်ပေါင်းစုနဲ့ အခုခေတ် တပ်ပေါင်းစု ဘယ်လိုကွာလဲ။ အခု တော်လှန်ရေးအင်အားစုတွေ ကြားမှာ အားလုံး ပူးပေါင်းဆောင်ရွက်မှုက ဘယ်လို အနေအထားရှိလဲ။**

**ဖြေ -** ကျနော်တို့တုန်းကတော့ လက်တွေ့မှာ တပ်ပေါင်းစုလို့ ပြောတဲ့အခါ အဲတပ်ပေါင်းစုတွေထဲမှာ ပါတာက တကယ် နိုင်ငံရေးအင်အားစုတွေပဲ ပါကြတာ။ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ အဲလိုအရာတွေပဲ များတယ်။ ဒီနေ့ကာလ တိုက်ပွဲမှာ ပါဝင်နေတဲ့သူတွေက အရမ်းကို ကျယ်ပြန့်သွားတယ်။ အရမ်းကျယ်ပြန့်သွားတဲ့ အခါကျတော့ တခုလုံးကို ခြုံပြီးတော့ တပ်ပေါင်းစုသဘော လုပ်ဖို့က နည်းနည်း ခက်ခဲတယ်။ ကျနော်တို့ တောင်းပိုင်းမှာဆိုရင်လည်း KNU၊ KNPP နဲ့ မွန်ပြည်သစ်ပါတီ၊ PDF တွေနဲ့ပေါ့နော်။ သူတို့နဲ့ တစုံတရာ အဆင်ပြေတဲ့ အလုပ်အတူ တွဲလုပ်နိုင်တဲ့ PDF တွေနဲ့ ဒီလို တွေ့ဆုံမှု၊ ဆွေးနွေးမှု အခြေအနေလောက်ကိုပဲ လုပ်နိုင်တယ်လို့ ထင်တယ်။ တတိုင်းပြည်လုံး အတိုင်းအတာအရဆိုရင် တော်တော်လေးကို ကျယ်ပြန့်သွားပြီ။ မြောက်ပိုင်းဘက်မှာ ဆိုရင်လည်း KIO တွေနဲ့ဆိုရင် သူနဲ့နီးစပ်တဲ့ အင်အားစုတွေလောက်ပဲ သေသေချာချာ စုနိုင်လိမ့်မယ်လို့ ကျနော်ထင်တယ်။ အောက်မှာလည်း ပလောင်တို့ ရှိကြမယ်။ ရှမ်းအင်အားစု တွေ ရှိကြမယ်။




အဲ့အင်အားစုတွေထဲမှာလည်း သူတို့ဟာသူတို့ စုနေတဲ့ အင်အားစုတွေ ရှိတယ်။ ဒါပေမယ့် တစုလုံးကို ခြုံမိဖို့ကတော့ နည်းနည်း ခက်နိုင်သေးတယ်လို့ ကျနော်တော့ ထင်တယ်။ သို့သော်လည်း တခုလုံး သဘောအရ သေသေချာချာ ကြည့်မယ်ဆိုရင် လမ်းကြောင်းတခုတည်းပေါ်မှာပဲ အကုန်လုံးက စု နေတာတော့ မှန်တယ်။ သေသေချာချာ ပူးပေါင်းဆောင်ရွက်ဖို့သာ အကန့်အသတ်ဖြစ်နေတာ ဖြစ်တယ်လို့ ကျနော်ထင် တယ်။ တိုင်းရင်းသား လူမျိုးစုတွေကလည်း သူတို့ဒေသ၊ သူတို့နယ်တွေကို အရင်ရအောင် ယူမှာပဲ။ အဲဟာ ပေါ်မှာ အခြေခံပြီးတော့ တဖြည်းဖြည်း ရှေ့ကို တိုးကြမှာပေါ့။ အခု AA ဆို ရှင်းတယ်။ AA က ရခိုင်ပြည် တပြည်လုံးကို သိမ်းနိုင်ဖို့ သူကြိုးစားတယ်။ ထပ်ပြီးတော့ အဲအပေါ်မှာ အခြေခံပြီးတော့မှာ တိုးချဲ့ဖို့ သူဆောင် ရွက်တယ်။ သူ့နယ်မြေအတွက် ဖြစ်ကောင်းဖြစ်လိမ့်မယ်။ သို့သော်လည်းပဲ ဆက်တိုးချဲ့လာတာက ကျနော်တို့ နယ်တွေထဲကို ဧရာဝတီတိုင်းထဲမှာ ဖြစ်ရင်ဖြစ်မယ်၊ ပဲခူးတိုင်းထဲမှာ ဖြစ်ရင်ဖြစ်မယ်။ စစ်အုပ်စုရဲ့ လက်နက် ထုတ်လုပ်တဲ့နေရာတွေဖြစ်ရင် ဖြစ်လိမ့်မယ်။ ဒီဘက်ကို ပိုပြီးတော့ ရောက်လာတယ်လို့ တွေ့ရတယ်။

**မေး - နိဂုံးချုပ်အနေနဲ့ အများပြည်သူကို သတင်းစကား ဘာများပြောချင်လဲ။**

**ဖြေ -** ကျနော်အဓိကပြောချင်တာကတော့ ကျနော်တို့ အပါအဝင် ပြည်သူတွေတရပ်လုံးက အတော်လေးကို ဒုက္ခဆင်းရဲနဲ့ ကြုံတွေ့နေရတယ်။ အခုလို မြေငလျင်ဒဏ်ကိုလည်း ကြုံရတဲ့အခါကျတော့ ကျနော်တို့ တိုင်း ပြည် အနေအထားက၊ ကျနော်တို့ပြည်သူတွေရဲ့ အနေအထားက ပိုပြီးတော့ ဆိုးသွားတဲ့ အနေအထားရှိတယ်။ ကျိန်းသေတာကတော့ ဒီအခြေအနေတွေကို ကျနော်တို့ ဆက်ပြီးတော့ တောင့်ခံနိုင်ဖို့ လိုတယ်။ ဆက်ပြီး တောင့်ခံပြီးတော့ စစ်အုပ်စုကို မရ ရအောင် ဆက်တွန်းဖို့တော့ အခြေခံအားဖြင့် လိုအပ်တယ်လို့ ထင်တယ်။ ကျနော်တို့ပြည်သူတွေကိုရော၊ တော်လှန်ရေးလုပ်နေတဲ့ ရဲဘော်ရဲဘက်တွေကိုရော၊ ပြည်တွင်းမှာ ကြံ့ကြံ့ခံ ရပ်နေတဲ့ ရဲဘော်ရဲဘက်တွေကိုရော မေတ္တာရပ်ခံချင်တာက ဆက်ပြီးတော့ တင်းခံဖို့၊ ဆက်ပြီးတော့ တွန်းဖို့ တော့ လိုလိမ့်မယ် ထင်တယ်။

ကျိန်းသေတယ်။ စစ်အုပ်စုကို ကျနော်တို့ နိုင်အောင်လို့၊ စစ်အုပ်စုကို နိုင်ငံရေးခွင်ထဲက အပြင် ရောက်သွားအောင်လို့ မောင်းထုတ်နိုင်မှာ ဖြစ်တယ်။ အဲအပေါ်မှာတော့ ကျနော် ခိုင်ခိုင်မာမာ ယုံကြည်တယ်။ အခြေခံအားဖြင့်တော့ ကျနော်တို့ပြည်သူတွေရဲ့ အား၊ စိတ်ရှည်မှု၊ ဇွဲကြီးမှု၊ ဆက်ပြီး ကြံ့ကြံ့ခံနိုင်မှုဟာ အရမ်းကို လိုအပ်တယ်လို့ ကျနော်အနေနဲ့ ယူဆတယ်။ ဒီလို ငလျင်ဒဏ်ကြောင့် ပြည်သူတွေ ဒုက္ခသုခ ရောက်နေတဲ့အချိန်မှာ ကျနော် ပြောရဆိုရတာ အားမရှိဘူးဗျ။ ကိုယ်ကိုယ်၌လည်း စိတ်မကောင်းဖြစ်တယ်။ ကိုယ့်အမျိုးတွေရော၊ ကိုယ်နဲ့ နီးစပ်တဲ့သူတွေကိုရော အတော်လေးကို ဒုက္ခဆင်းရဲ ရောက်နေတဲ့အချိန်မှာ ဒီကိစ္စကို ဆက်တောင့်ခံဖို့ ပြောရတာတော့ အားတော့ သိပ်မရှိဘူး။ သို့သော်လည်း ကျနော်တို့ အခြေအနေက ဆက်မှ တောင့်မခံရင် ဒီငလျင်ထက်ဆိုးတဲ့ လူတွေနဲ့ တွေ့ကိုတွေ့ရမှာ ဖြစ်တယ်။ ဒီလူတွေ ကျနော်တို့ကို နှိပ်ကိုနှိပ်စက်မှာ ဖြစ်တယ်။ ကျနော်တို့တိုင်းပြည်ကို ဒုက္ခပေါင်းစုံ ဆက်ပေးမှာ ဖြစ်တယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ် တွေ မရှိအောင်လို့ ကျနော်တို့ ဆက်ပြီးတော့ တောင့်ခံရမယ်။ ဆက်ပြီးတော့ ဒီပုဂ္ဂိုလ်တွေကို တွန်းချရမယ်လို့ ကျနော့်အနေနဲ့ ယုံကြည်ပါတယ်။

■■■




# တော်လှန်ရေးတရပ်အောင်ပွဲခံဖို့ ပြဒါးရှင်လုံး ၃ လုံးလိုတယ်

**လွန်းနွေငြိမ်း**

ကျနော်တို့နိုင်ငံမှာနဲ့ နိုင်ငံတကာမှာ တော်လှန်ရေးကြီးတွေ အကြိမ်ကြိမ် ဆင်နွှဲခဲ့ကြရတယ်။

အတိတ်မှာရော၊ လက်ရှိ ပစ္စုပ္ပန်မှာရော ဆင်နွှဲနေကြရတာတွေ အများအပြား ရှိပါတယ်။

ပြင်သစ်မှာ၊ အမေရိကန်မှာ၊ ရုရှားမှာ၊ တရုတ်ပြည်မှာ၊ အိန္ဒိယမှာ၊ အင်ဒိုချိုင်းနားမှာ၊ ကျူးဘားမှာ၊ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနိုင်ငံတွေမှာ၊ ကျနော်တို့နိုင်ငံမှာ သမိုင်းခေတ်များအရ၊ နေရာဒေသများအရ မတူကွဲပြားတဲ့ အထွေထွေ အမျိုးမျိုးသော တော်လှန်ရေးတွေကို ဒေသခံပြည်သူတွေက ဖွဲ့နပဲကြီးစွာ ဆင်နွှဲခဲ့ကြတယ်။ အောင်ပွဲတွေအလီလီ ရယူခဲ့ကြတယ်။

ကျနော်တို့နိုင်ငံအဖို့ ပြောရရင် အင်္ဂလိပ်နယ်ချဲ့ကို တော်လှန်ခဲ့ကြတယ်၊ ဖက်ဆစ်ဂျပန်တွေကို တော်လှန်ခဲ့ကြတယ်။ ဆုံးရှုံးသွားတဲ့ အမျိုးသားလွတ်လပ်ရေးကို ပြန်ပြီး အရယူနိုင်ခဲ့ကြတယ်။

လွတ်လပ်ရေးရပြီးခေတ်မှာ လူမျိုးစုံပြည်သူတွေအပေါ် သဏ္ဌာန်အမျိုးမျိုးနဲ့ ဖိနှိပ်ဗိုလ်ကျခဲ့ကြတဲ့ အာဏာရ အစိုးရအဆက်ဆက်ကို ဆက်ပြီး တော်လှန်ခဲ့ကြတယ်။ ကနေ့ကာလမှာတော့ အကြမ်းကြုတ်ဆုံး၊ အယုတ်မာဆုံး၊ အရူးသွပ်ဆုံး မအလဦးဆောင်တဲ့ စစ်အာဏာရှင်စနစ်ဆိုးကို တော်လှန်နေကြရတာ ဖြစ်ပါတယ်။

## တော်လှန်ရေးတရပ် အောင်ပွဲခံဖို့ ဘာတွေလိုအပ်သလဲ။

ပြဒါးရှင်လုံး ၃ လုံး လိုအပ်တယ်လို့ တရုတ်ပြည်တော်လှန်ရေး လက်တွေ့တွေအပေါ်ကနေ တရုတ်ပြည်တော်လှန်ရေးခေါင်းဆောင် ဥက္ကဋ္ဌမော်(မော်စီတုန်း)က နိဂုံးချုပ် ထောက်ပြ သင်ကြားပေးခဲ့တာ ရှိပါတယ်။

ပြဒါးရှင်လုံး ၃ လုံးဆိုတာက

၁။ တော်လှန်တဲ့အတွေးအခေါ် ကိုင်စွဲထားတဲ့ပါတီ တရပ်

၂။ အဲဒီပါတီက ဦးဆောင်တဲ့ တပ်မတော်တရပ်

၃။ အဲဒီတပ်ကို မဏ္ဍိုင်ပြု စုစည်းတည်ဆောက်ထားတဲ့ ကျယ်ပြန့်ပြီး ခိုင်မာအားကောင်းတဲ့ တပ်ပေါင်းစုတရပ်လို့ ဆိုပါတယ်။

တရုတ်ပြည်သူတွေကတော့ အဲဒီ ပြဒါးရှင်လုံး ၃ လုံးရဲ့ ဦးဆောင်မှုအောက်ကနေ ၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ တော်လှန်ရေးကြီးနဲ့အတူ တရုတ်ပြည်သစ်ကို မွေးဖွားတည်ဆောက်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

ကျနော့်အနေနဲ့ ဥက္ကဋ္ဌမော်ရဲ့ သင်ကြားချက်ကို သဘောတူပါတယ်။ ဒီ ၃ ချက်ဟာ တရုတ်ပြည် တော်လှန်ရေးမှာ အခရာအကျဆုံး၊ အဆုံးအဖြတ်အပေးနိုင်ဆုံး ၃ ချက် ဖြစ်ပါတယ်။ ဒီ ၃ ချက်ကပဲ သဏ္ဌာန် အမျိုးမျိုးနဲ့ နေရာဒေသအမျိုးမျိုးကနေ တော်လှန်နေကြတဲ့ လူထုကြီးကို တညီတညွတ်တည်းဖြစ်အောင် စုစည်းပေးခဲ့တာ၊ မှန်မှန်ကန်ကန် ဦးဆောင်မှုပေးခဲ့တာ ဖြစ်တယ်လို့ လေ့လာမှုများအရ ကောက်ချက်ပြု နိုင်ပါတယ်။ လက်နက်အင်အားနဲ့ စစ်အတတ်ပညာ ပိုကြီးတဲ့ ဂျပန်နယ်ချဲ့သမားကို တော်လှန် တိုက်ခိုက် နိုင်ခဲ့ကြတာ ဖြစ်တယ်။ အတွေးအခေါ်ဟောင်းတွေ၊ ယဉ်ကျေးမှုဟောင်းတွေကို အကုန်အစင် တော်လှန် တိုက်ခိုက်ပြီး လွတ်လပ်တဲ့ တရုတ်ပြည်သစ်ကို အခိုင်အမာ တည်ဆောက်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

**ကျနော်တို့မှာရော ဒီပြဒါးရှင်လုံး ၃ လုံး ရှိနေပြီလား။**

ရှိတယ်လို့ ကျနော် ပြောချင်တယ်။

ဒါပေမဲ့ တရုတ်ပြည်တော်လှန်ရေးမှာ ရှိခဲ့သလိုမျိုး စီးစီးပိုင်ပိုင် ရှိနေတာမျိုးတော့ မဟုတ်သေးဘူးလို့ ထည့်ပြောမှ ပြည့်စုံမယ် ယူဆပါတယ်။ တခုချင်း ကျနော်တို့ ဆန်းစစ်ကြည့်ကြပါမယ်။

**၁။ ကျနော်တို့မှာ တော်လှန်တဲ့ အတွေးအခေါ်တရပ် ရှိပါသလား။**

ကျနော့်အမြင်အရ ရှိတယ်လို့ ပြောချင်တယ်။ လုံလုံလောက်လောက်ကို ရှိပါတယ်။

ဘာကြောင့်ဒီလိုပြောနိုင်သလဲ ဆိုရင် ...

ဒီနေ့ ဖြစ်နေတဲ့ ပဋိပက္ခဟာ စစ်အာဏာရှင်စနစ်ကတဖက်၊ လူမျိုးစုံပြည်သူတရပ်လုံးကတဖက် ဖြစ်နေတဲ့ ပဋိပက္ခ ဖြစ်တယ်။ စစ်အာဏာရှင်စနစ်ကတဖက်၊ အဖိနှိပ်ခံ လူထုလူတန်းစားအလွှာ အသီးသီးက တဖက် ဖြစ်နေတဲ့ ပဋိပက္ခဖြစ်တယ် ဆိုတာ ရှင်းရှင်းလင်းလင်း ရှိကြတယ်။ စစ်အာဏာရှင်စနစ်ကို အကုန် အစင် ဖျက်သိမ်း ဖယ်ရှားပစ်ရမယ် ဆိုတာအပေါ် အမြင်ရှင်းတယ်။ စစ်အာဏာရှင်စနစ်ကို ကျားကန် အကာအကွယ်ပေးနေတဲ့ ၂၀၀၈ ခြေဥကို အပြီးအပိုင် ဖျက်သိမ်းပစ်ရမယ်ဆိုတာအပေါ် အမြင်ရှင်းတယ်။ ၂၀၀၈ ခြေဥအောက်ကို ပြန်ရောက်စေမယ့် ဘယ်လိုနည်းလမ်း၊ ဘယ်လိုနည်းသဏ္ဌာန်မျိုးကိုမှ လက်မခံဘဲ ပြတ်ပြတ်သားသား ငြင်းထုတ်ရမယ်ဆိုတဲ့ အချက်အပေါ် အမြင်ရှင်းတယ်။ ကျနော်တို့ရဲ့ ပန်းတိုင်ဟာ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေကို အပြည့်အဝ အာမခံတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်

ထောင်စုမျိုး ဖြစ်တယ်။ အဲဒီအရောက် ချီတက်ကြမယ်။ လမ်းခုလတ်မှာ ဘယ်လို အမှောင့်ပယောဂမျိုး ကိုမှ အပူးအကပ်မခံဘူးဆိုတဲ့ ရပ်တည်ချက်အပေါ်မှာ ခိုင်မြဲကြတယ်။

တိုက်ပွဲသဏ္ဍာန်နဲ့ ပတ်သက်ရင်လည်း လက်နက်ကိုင်ပြီး ဖိနှိပ်ရမ်းကားနေတဲ့ ရန်သူကို လက်နက်ကိုင်ပြီး ပြန်တိုက်တာဟာ တရားတယ်ဆိုတဲ့ ရပ်ခံချက်အပေါ် ခိုင်မာတယ်။ လက်နက်ကိုင်တိုက်ပွဲကို ဗဟိုပြု ကျန်တိုက်ပွဲ သဏ္ဍာန်အမျိုးမျိုးနဲ့ ပေါင်းစပ်ကြရမယ်ဆိုတဲ့ အမြင်အပေါ် ရှင်းလင်းတယ်။ နိုင်ငံတကာရဲ့ ဝန်းရံကူညီမှုကို အရံအဖြစ် ထားပြီး ပြည်တွင်းအား၊ လူထုအားကသာ အခရာဖြစ်တယ်၊ အဆုံးအဖြတ် ဖြစ်တယ်ဆိုတဲ့ အချက်အပေါ်မှာ အမြင်ရှင်းကြတယ်။ ဘယ်သူလာကူနိုးနိုး တောင်မျှော်မြောက်မျှော် လုပ်နေတာထက် လူထုနည်းနဲ့ လူထုအားနဲ့ ဖွဲ့ခတ်တိုက်ပွဲဝင်ရင်း အောင်ပွဲအရယူမယ် ဆိုတဲ့အပေါ် ခိုင်မာ ပြတ်သားမှု ရှိကြတယ်။ ဒါတွေဟာ မှန်ကန်တဲ့ အတွေးအခေါ်တွေဖြစ်သလို တော်လှန်တဲ့ အတွေးအခေါ် တွေ ဖြစ်ကြပါတယ်။

ဒါတွေအားလုံးကို ပါတီတရပ်က ကိုင်စွဲပြီး တော်လှန်ရေးကို ဦးစီးနေတာမျိုးတော့ မဟုတ်ဘူး။ ဒီအတွေးအခေါ်တွေကို တော်လှန်ရေးမှာ ပါဝင်နေတဲ့၊ တနည်းအားဖြင့် တော်လှန်ရေးကို ဦးဆောင်နေတဲ့ အင်အားစုအသီးသီးက ဒီအတွေးအခေါ်တွေအပေါ် အလေးအနက် ခံယူထားကြတာမျိုး ဖြစ်ပါတယ်။

ဒါဟာ တရုတ်ပြည်တော်လှန်ရေးရဲ့ပြဒါးရှင်လုံးအမှတ် ၁ နဲ့ ကွက်တိ ပုံစံတူမဟုတ်ပေမဲ့ အနှစ်သာရ အရ လွှမ်းခြုံမိတယ်လို့ ကျနော်တော့ ယူဆချင်ပါတယ်။ ဟိုမှာက တရုတ်ပြည်ကွန်မြူနစ်ပါတီဖြစ်ပြီး ကျနော်တို့မှာတော့ တော်လှန်ရေးအင်အားစုအသီးသီး ဆိုတာမျိုးဖြစ်ပါတယ်။



## ၂။ ကျနော်ဆို့ဆီမှာ တော်လှန်တဲ့ အတွေးအခေါ် ရှိတဲ့ ပါတီက ဦးဆောင်ထားတဲ့ တပ် ရှိနေပြီလား။

ရှိတယ်လို့ ကျနော် ဖြေချင်ပါတယ်။

အထက်မှာ ကျနော်တင်ပြခဲ့တဲ့ တော်လှန်တဲ့ အတွေးအခေါ်တွေ ကိုင်စွဲထားကြတဲ့ အင်အားစု အသီးသီးမှာ တော်လှန်တဲ့ တပ်ရင်းတပ်ဖွဲ့တွေ ကိုယ်စီရှိကြတယ်။ နေရာဒေသအသီးသီးမှာ စစ်ကောင်စီ တပ်တွေကို ရှုပ်ရှုပ်ခွံခွံ ခုခံတိုက်ခိုက်နေကြတာ၊ စစ်ကောင်စီတပ်တွေ စိတ်လွတ်ကိုယ်လွတ် မလှုပ်ရှား နိုင်အောင် ပြောက်ကျားစစ် ဆင်နေကြတာ၊ မိုင်းဆွဲတိုက်ခိုက်နေကြတာ၊ အခြေအနေပြည့်စုံတဲ့ ဒေသတွေမှာ လှုပ်ရှားစစ်ကြီးတွေ တိုက်ခိုက်ပြီး စခန်းသိမ်းတိုက်ပွဲ မြို့သိမ်းတိုက်ပွဲတွေအထိ ဆင်နွှဲတိုက်ခိုက်နေကြတာ တော်လှန်ရေးအင်အားစုအသီးသီးက ဦးဆောင်ထားတဲ့ တော်လှန်ရေးတပ်တွေ ဖြစ်ပါတယ်။

ဒီမှာလည်း တရုတ်ပြည်တော်လှန်ရေးရဲ့ ပြဒါးရှင်လုံးအမှတ် ၂ နဲ့ ကွက်တိ ပုံစံတူလို့ မဆိုနိုင်ပေမဲ့ အနှစ်သာရအရ လွှမ်းခြုံမိတယ်လို့ ကျနော်တော့ ယူဆချင်ပါတယ်။ ဟိုမှာက တရုတ်ပြည်ကွန်မြူနစ်ပါတီ ဦးဆောင်တဲ့ တရုပ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) ဖြစ်ပြီး ကျနော်တို့ဆီမှာတော့ တော်လှန်ရေးအင်အားစု အသီးသီးက ဦးဆောင်ထားတဲ့ တော်လှန်ရေးတပ်ဖွဲ့များ ဆိုတာမျိုးအနေနဲ့ ဖြစ်ပါတယ်။

## ၃။ ကျနော်တို့ဆီမှာ အဲလိုတပ်မျိုးက မဏ္ဍိုင်ပြု စုစည်းတည်ဆောက်ထားတဲ့ ကျယ်ပြန့်ပြီး ခိုင်မာ အားကောင်းတဲ့ တပ်ပေါင်းစုတရပ် ရှိပြီလား။

ဒါတော့ ခု မရှိသေးဘူး။ ကြိုးစားတည်ဆောက်နေကြဆဲ ဖြစ်တယ်လို့ ကျနော် ဖြေချင်ပါတယ်။

ဒေသအလိုက် စုဖွဲ့မှုတွေ ရှိတယ်။ ဒေသအလိုက် စုဖွဲ့ တိုက်ပွဲဆင်မှုတွေရှိတယ်။ ၁၀၂၇ အပိုင်း ၁၊ အပိုင်း ၂ တွေဟာ စုဖွဲ့မှု အားကောင်းတာနဲ့အမျှ အောင်ပွဲကြီးတွေ ရရှိခဲ့ကြတယ်။ အခြား စစ်ဒေသအသီးသီး မှာလည်း ဒေသအလိုက် စုဖွဲ့မှုတွေ ရှိကြတာ ဖြစ်တယ်။ ဘယ်တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တွေက ရန်သူ့ရဲ့ ဘယ်စခန်းကို ထိုးစစ်ဆင် တိုက်ခိုက်နေကြတယ်ဆိုတဲ့ ဖြစ်ရပ်တွေ မရေမတွက်နိုင်အောင် ရှိပါတယ်။

တော်လှန်ရေးအင်အားစုတွေ တညီတညွတ်တည်း စုစည်းနိုင်အောင် စုဆုံကြတာ၊ ဆွေးနွေးကြတာ၊ ညှိနှိုင်းကြတာ၊ ဘုံတူညီချက်တွေရှာဖွေကြတာ၊ တော်လှန်ရေးအင်အားစုအသီးသီးရဲ့ ဘုံသဘောထား ရပ်တည်ချက်တရပ် ထွက်နိုင်ရေး ကြိုးပမ်းကြတာ အခါမလပ် ကြားသိနေကြရပါတယ်။ ဒါဟာ တော်လှန်ရေး ကြီးအတွက် တန်ဖိုးဖြတ်မရတဲ့ ကောင်းမှုပြုချက်တွေ ဖြစ်ပါတယ်။

တရုတ်တော်လှန်ရေးမှာလို ဂျပန်ခုခံဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီး ဖွဲ့စည်း ဆောင်ရွက်နိုင်တာမျိုး ကျနော်တို့ဆီမှာလည်း စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးမျိုး မဖွဲ့စည်းနိုင်သေးတာ ကျနော်တို့ သိပါတယ်။ သို့ပေမဲ့ တလှမ်းချင်း လှမ်းတက်နေမှုတွေ ကိုတော့ ကြားသိနေရပါတယ်။ တရုတ်ပြည်မှာက တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ကိုမင်တန်ပါတီပဲ အဓိက အားဖြင့် ရှိကြတာဆိုတော့ နှိုင်းယှဉ်ချက်အရ ကျနော်တို့ထက် စုရစည်းရ သက်သာတာ ဖြစ်နိုင်ပါတယ်။ ဒါတောင် ဘယ်လောက်ခက်ခက်ခဲခဲ စုဖွဲ့ခဲ့ကြရတာလဲ လေ့လာဖူးသူတိုင်း သိရှိကြပါတယ်။




ကျနော်တို့ဆီမှာက လူမျိုးအရ၊ နယ်မြေအရ၊ တော်လှန်ရေးဝါစဉ် အနုအရင့်အရ၊ သမိုင်းကြောင်း နောက်ခံများအရ၊ နိုင်ငံရေးအထူးအပါးအရ စုရစည်းရတာ နှိုင်းယှဉ်ချက်အရ ပိုပြီး လက်ဝင်နိုင်တာ မှန်းဆကြည့်လို့ ရပါတယ်။ ဒါပေမဲ့ နှစ်ပေါင်းများစွာ လူးလိမ့်နေအောင် ဒုက္ခပေါင်းစုံကို ခါးစည်းခံနေကြရတဲ့ လူမျိုးစုံပြည်သူတွေရဲ့ အကျိုးကို ရှေ့ရှုလိုက်ရင် ဘယ်လိုမျိုး အခက်အခဲက ကျနော်တို့ကို အာခံနိုင်ဦးမှာလဲ။

ဘာတွေက ဘယ်လောက်ခက်ခက် လူထုအားနဲ့ လွယ်ကူစေရမယ်။

ဘာတွေက ဘယ်လို တားတား လူထုအားနဲ့ ကျော်လွှားစေရမယ်။

ဒီနေ့ မစုဖွဲ့နိုင်သေးဘူးဆိုရင် မနက်ဖန် စုဖွဲ့နိုင်ရမယ်။ မနက်ဖန် မစုဖွဲ့နိုင်သေးဘူးဆိုရင် သန်ဘက်ခါ စုဖွဲ့နိုင်ရမယ်။ တော်လှန်ရေးကာလတလျှောက် တပ်ပေါင်းစုနဲ့ အောင်ပွဲခံရမယ်ဆိုတဲ့ ကြွေးကြော်သံတွေ၊ သံမိဋ္ဌာန်တွေ၊ ယုံယုံကြည်ကြည် ပြောဆိုလိုက်တဲ့ တော်လှန်မိန့်ခွန်းတွေ ကြိမ်ဖန်များစွာ ကြားခဲ့ဖူးပါတယ်။ အမိပွါယ်က အလေးအနက် ယုံကြည်ခဲ့ကြတယ်၊ ကြိုးကြိုးစားစား တည်ဆောက်ခဲ့ကြတယ်၊ တပ်ပေါင်းစု ဖွဲ့စည်းရေးကို သမိုင်းစဉ်တလျှောက်လုံးမှာ အလေးအနက်ထားခဲ့ကြတယ် ဆိုတာကို ဖော်ပြနေတာလို့ ကျနော် နားလည်ပါတယ်။

ကျယ်ပြန့်ပြီး ခိုင်မာအားကောင်းတဲ့ တပ်ပေါင်းစုဖွဲ့ပြီး တိုက်နိုင်ရင် တော်လှန်ရေးအောင်မယ်။ ညီညီညွတ်ညွတ် စုဖွဲ့ပြီး တိုက်နိုင်ရင် တော်လှန်ရေး မြန်မြန်အောင်မယ်။ တပ်ပေါင်းစုကို မတည်ဆောက်ဘဲ၊ မစုမဖွဲ့ဘဲ၊ ကိုယ့်ဒေသနဲ့ကိုယ် တနိုင်တပိုင် အကွဲကွဲအပြားပြား တိုက်နေကြရင် အနည်းဆုံး တော်လှန်ရေး ရှည်ကြာမယ်။ အခန့်မသင့်ရင် အရေးပင် နိမ့်သွားနိုင်တယ်ဆိုတာ ကျနော်တို့အားလုံး သိကြပါတယ်။

ဒါကြောင့် ကျနော်တော့ နောက်ဆုံးပိတ် ပြဒါးရှင်လုံးကို အခိုင်အမာ တည်ဆောက်ပြီး ဒီကနေ့ လူထုတွေ ခံစားနေကြရတဲ့ ဒုက္ခအပေါင်းကို မြန်နိုင်တကာ့ အမြန်ဆုံး အဆုံးသတ်ပစ်လိုက်ကြပါစို့လို့ လေး လေးနက်နက် တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။ ။

စုဖွဲ့ကြဖို့ လုံးပမ်းအားထုတ်နေကြတဲ့ အင်အားစုအပေါင်းကို လေးစားစွာ တန်ဖိုးထားလျက်...

လွှန်းနွေငြိမ်း

၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်။




# နိုင်ငံရေးနဲ့ မလှမ်းမကမ်း

စောဝင်း

အဝေးကြီးတော့ မဟုတ်။ တူတော့လည်း မတူ။ မဆိုင်ဘူးလည်း မပြောနိုင်။ သို့ပေမယ့် ဒါပါပဲ ဆိုပြန်ရင် မှားမှာပဲ ဖြစ်တယ်။ အဲ့ဒါနဲ့ နာမည်တပ်ကြည့်တယ်။ "နိုင်ငံရေးနဲ့ မလှမ်းမကမ်း" လို့။ ဟုတ်ကဲ့ … နိုင်ငံရေးနဲ့ မလှမ်းမကမ်း ဖြစ်နေတာ၊ တကယ်တော့ နိုင်ငံရေး မဟုတ်ပါ။

လူက နိုင်ငံရေးသတ္တဝါဖြစ်တော့၊ နေ့စဉ် နေမှု စားမှု တွေးကြံမှု ကမ္မပိုင်း လုပ်ဆောင်မှု …. စသဖြင့် အားလုံးကုန်ဟာ နိုင်ငံရေးချည်းဖြစ်တာမို့ လူ့ကိစ္စမှန်သ၍ နိုင်ငံရေးနဲ့ မလှမ်းမကမ်း ဆိုတဲ့အထဲ အကျုံးဝင်ကြမှာပါ။ သို့သော် ….. ….. ……။

အဟုတ်ကိုလည်း နိုင်ငံရေးနဲ့ မလှမ်းမကမ်းဆိုတာ ရယ်စရာလိုလို … ငိုစရာလိုလို … ထင်မှတ်မိတာကို ပြောချင်တာပါ။

တစုံတယောက်က သို့တည်းမဟုတ် တစုံတယောက်ပေါင်း များစွာက နိုင်ငံရေးနဲ့ ဆက်စပ်နေတဲ့ အကြောင်းချင်းရာတွေ၊ အချက်အလက်တွေ ဆိုပါတော့ …. လေ့လာ၊ ဖတ် မှတ်၊ စုဆောင်းပါတယ်။ "ငါ သိတာ ဘယ်လောက် များတယ် ….၊ ဘယ်အထိ မှန်တယ် …. " စသည်ဖြင့်လည်း သူတို့ အချက်အလက် စုသူချင်းတွေကြား ဂုဏ်တု ပြိုင်ဆိုင်မှု လုပ်တတ်သလို၊ သူတို့ ပစ်မှတ်ထားရာ ပရိသတ် (နိုင်ငံရေးအသိုင်းအဝိုင်း) ကြားမှာ ဖော်ထုတ်၊ သိသာစေအောင် လုပ်လေ့ရှိပါတယ်။ တချိန်လုံးကုန် ဆိုရမလောက် အဲ့ဒီလို လုပ်ရ၊ နေ'နေရတာကို ဝမ်းမြောက် ဂုဏ်ယူ သာယာနေတတ်သူ အမျိုးအစားတခု ရှိတတ်၊ တွေ့ရတတ်တယ်။ သို့သော်လည်း အဲပေါ့လေ … သူတို့ စိတ်ဝင်စား၊ ကျက်စားလေ့ ရှိရာတွေမှာ နိုင်ငံရေးအတွေးအခေါ် ပိုင်း ပါဝင်လေ့ မရှိပါ။ ကိုယ့်ကိုယ်ကိုယ် နိုင်ငံရေးအတွေးအခေါ် ပိုင်းအရ လေ့ကျင့်၊ တည်ဆောက်တာမျိုး လုပ်လေ့မရှိပါ။ နိုင်ငံရေးတိုက်ပွဲတခုမှာ ဘက်တဘက်က ရပ်ပြီး တိုက်ပွဲဝင်ဖို့ ပိုင်းဖြတ်၊ ပြင်ဆင်တာမျိုးလည်း အလေ့အထ မရှိပါ။ အားမနာတမ်း ပြောရရင် တချို့က အဲ့ဒီလို အစိတ်အပိုင်းကျရင် သိစိတ်နဲ့ တမင် ရှောင်ကွင်းကြတာပါ။ ဘာလို့ ဒီလို ပြောရသလဲဆိုရင် အဲ့ဒီတချို့ဟာ နိုင်ငံရေးတိုက်ပွဲတွေမှာ ဘက်တဘက်က ရပ်ပြီး တိုက်ပွဲဝင်ဖူးခဲ့သူ နိုင်ငံရေးသမားဟောင်းလို့ ဆိုနိုင်သူတွေ ပါဝင်နေလို့ပါ။ သူတို့ နားလည်ချက်အရ အဲ့ဒီလိုမျိုး နိုင်ငံရေးတိုက်ပွဲတွေမှာ ဘက်တဘက်က ရပ်ပြီး တိုက်ပွဲဝင်ဖို့ အားထုတ်တဲ့ လုပ်ရပ်၊ နိုင်ငံရေးအတွေးအခေါ် ပိုင်းအရ ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်၊

တည်ဆောက်တဲ့ လုပ်ရပ်မျိုးတွေဟာ ဉာဏ်နည်းသူ ဉာဏ်မဲ့သူတို့အလုပ်မျိုး၊ အချိန်အားနေသူ အတွယ်အတာ၊ အိမ်ရာအတည်တကျ မရှိသူတို့ရဲ့ အလုပ်မျိုးအဖြစ် ခံယူ သမုတ် ဖော်ထုတ်လေ့ ရှိတတ်ကြပါတယ်။ သမုတ် ဖော်ထုတ်ခြင်းအပိုင်းကို ထိန်ဝှက်ချန်လှပ်ထားခဲ့ရင်တောင်မှ သေသေချာချာတော့ အဲ့ဒီအတိုင်း ခံယူထားကြတာပါ။

ဒီနေရာမှာ မတော်တဆဆိုသလို ကျနော်တို့ ဗမာပြည် များရာစု လူထုကြီးရဲ့ အစိတ်အပိုင်းတချို့ဟာ စာသင်ခွင့်၊ စာတတ်ခွင့်၊ စာဖတ်ခွင့်တွေ မရတတ်ကြဘူး။ သင် တတ် ဖတ် မှတ်မိတော့လည်း သူများဘဝင်ကျအောင် ပြန်’ ဖောက်သည်ချနိုင်တဲ့ စွမ်းရည်မျိုး အားနည်းနေတတ်တယ်။ ဒါ့ကြောင့် နိုင်ငံရေးတိုက်ပွဲ၊ နိုင်ငံရေးအတွေးအခေါ်၊ ပိုင်းဖြတ်ပါဝင်မှု ဆိုတာတွေနဲ့ ပတ်သက်ရင် သူများတကာကို ရှင်းအောင် အသိပေးနိုင်ဖို့ အခက်အခဲ ရှိတတ်ကြတယ်။ အဲ့ဒီအခါ ဒီမတော်တဆမှုကြောင့်ပဲ သူတို့ကလည်း “နိုင်ငံရေးနဲ့ မလှမ်းမကမ်း” ဆိုတဲ့ လူစုထဲမှာ ပါနေသလိုလို ဖြစ်ရတတ်တယ်။ အခု တင်ပြချင်တာက “နိုင်ငံရေးနဲ့ မလှမ်းမကမ်း” ဆိုတဲ့သူတွေကို သရုပ်ခွဲရင် “ဘဝအရ ပါနေသလိုလို ဖြစ်ရသူ” နဲ့ “ဆန္ဒအလျောက် ရွေးချယ် ရပ်ခံနေသူ” လို့ ၂ မျိုးခွဲ၊ နားလည်ရတော့မယ် ထင်တယ်။

ကျနော့် တန်ဖိုးဖြတ်မှုကတော့ “နိုင်ငံရေးနဲ့ မလှမ်းမကမ်းအဖြစ် ကိုယ်တိုင် ဆန္ဒအလျောက် ရွေးချယ် ရပ်ခံနေသူ” များဟာ တန်းဆင်းကစားရတဲ့ ဘောလုံးအသင်း၊ စုတေစိတ်ကျကြရှာတဲ့ နတ်ဒေဝတာများ၊ အိမ်နိမ့်စံ မင်းသမီး/ မင်းသားများ၊ ပထမတန်းအလံ လုခဲ့ဖူးပြီးခါမှ ကြားပွဲ ဆင်းထိုးနေတဲ့ လက်ဝှေ့ကျော်များလို့ ဆိုချင်ပါတယ်။ အဲ့ဒါမျိုး “နိုင်ငံရေးနဲ့ မလှမ်းမကမ်း” အမျိုးအစားဟာ “ဘဝအရ ပါနေသလိုလို ဖြစ်ရသူ နိုင်ငံရေးနဲ့ မလှမ်းမကမ်း” တွေနဲ့ ခြားနားပါတယ်။ ဘဝအရ ပါနေသလိုလို ဖြစ်ရသူများဟာ သူတို့ဘဝ လက်တွေ့ဖြတ်သန်းရမှုကြောင့်ပဲ တနေ့တရက်သောအခါမှာ အတန်းတက် ကစားကြတဲ့ ဘောလုံးသင်းများလို နိုင်ငံရေးသမားဘဝ၊ နိုင်ငံရေးတိုက်ပွဲဝင်သူဘဝကို ရောက်ရှိနိုင်ခြေ ရှိပါတယ်။ ဆန္ဒအလျောက် ရွေးချယ် ရပ်ခံနေသူ မလှမ်းမကမ်းသမားများကတော့ သူတို့ဆန္ဒအရကိုပဲ နိုင်ငံရေးသမားဘဝ၊ နိုင်ငံရေးတိုက်ပွဲဝင်သူဘဝမျိုးကို ရှောင်ရှားကြသူတွေ ဖြစ်ကြတာမို့ ထာဝရ မလှမ်းမကမ်း တွေသာ ဖြစ်စရာ ရှိတာပါ။ သို့သော် ......

နိုင်ငံရေးနဲ့ မလှမ်းမကမ်းအဖြစ် ကိုယ်တိုင် ဆန္ဒအလျောက် ရွေးချယ် ရပ်ခံနေသူများခင်ဗျား .... တမင် အသိရှိရှိ ဖုံးကွယ်ထားကြပေမယ့် ခင်ဗျားတို့ဟာ နိုင်ငံရေးတိုက်ပွဲတွေမှာ ဘက်တဘက်က ရပ်ပြီး တိုက်ပွဲဝင်ဖူးခဲ့သူတွေ ဖြစ်ပါတယ်။ အတွေးအခေါ်အရ လေ့ကျင့် တည်ဆောက်ရေးကို ဘယ်လို လက်လျှော့လိုက်သည်ပဲ ဖြစ်ကြစေဦးတော့ ***ဘက်တဘက်ရဲ့ အကျိုးစီးပွား*** ဆိုတာနဲ့ ပတ်သက်ရင် လွယ်လင့် တကူ သိတတ်နိုင်စွမ်းရှိကြတယ်လို့ ကျနော် နားလည်ထားပါတယ်။ ဒါ့ကြောင့် မိတ်ဆွေ ဖြစ်ဖူးခဲ့ကြသူတွေ ချင်းချင်း စိုတဲ့လက်တွေ မခြောက်ကြစေချင်ပါ။ နိုင်ငံရေးနဲ့ မလှမ်းမကမ်း နေကြမယ်ဆိုရင် ***“ကျနော်တို့နဲ့ မလှမ်းမကမ်းမှာပဲ နေကြပါ၊ ရန်သူနဲ့ မလှမ်းမကမ်းဆီ ဘက်ရွှေ့ပြီး မနေကြပါနဲ့”*** လို့ မေတ္တာရပ်ခံပါ ကြောင်း စာနဲ့ ရေးသား၊ တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ ။

စောဝင်း

■■■



# ပြဿနာနိုင်ငံများတွင် အပြုသဘော အပြောင်းအလဲများ လုပ်ဆောင်ခြင်း(သို့မဟုတ်) ပြန်မှုနိုင်ငံအရေး ကမ္ဘာလုံးဆိုင်ရာအစိုးရပြုမှု (Global Governance) က ကြားသက်ရောက်မှု ရှိပါသလား

အောင်မိုးဇော်

*ပြန်လည်ဖော်ပြချက်*
*ဒီမိုကရေစီလှေလာရေးဂျာနယ်*
*အမှတ်(၂) (၂၀၀၇ခုနှစ်၊ မတ်လ )*

## (ခ) တောင်အာဖရိကအရေး

ကိုလိုနီစနစ်ဖျက်သိမ်းရေးကာလ၊ စစ်အေးတိုက်ပွဲကာလနှင့် စစ်အေးလွန်ခေတ် ကာလများ တလျှောက် ကမ္ဘာ့နိုင်ငံရေးအခြေအနေ အပြောင်းအလဲ အရှုပ်အထွေးများက တောင်အာဖရိကအရေး နိုင်ငံတကာအသိုင်းအဝိုင်း၏ ပေါ်လစီများကို ပုံသွင်းခဲ့သည်။ အရှေ့အုပ်စုနှင့် အနောက်အုပ်စု၊ နိုင်ငံတကာ အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သန်းပေါင်းများစွာသော ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ သွေးစည်းညီညွတ်မှု စသည့် ဇာတ်ဆောင်ပေါင်းစုံသည် အသားရောင်ခွဲခြားရေးပေါ်လစီ အဆုံးသတ်ရာ၌ ပါဝင်ပတ်သက်ခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ တောင်အာဖရိကနိုင်ငံ၌လည်း ယခင်အခန်း၌ ရည်ညွှန်းခဲ့သည့် ဩဇာအာဏာ နိုင်ငံရေးနှင့် ကြုံတွေ့ခဲ့ရသည်။ စစ်အေးခေတ် ပင်မရေစီးကြောင်း၊ အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် အနောက်ဂျာမဏီနိုင်ငံတို့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အဆက်ဆက်ကို အကောင်အထည်ဖော်ရာ၌ အဟန့်အတားများ ဖြစ်နေခဲ့သည်။ တောင်အာဖရိကနိုင်ငံသည် ထိုနိုင်ငံ တနိုင်ငံချင်းစီနှင့် ၎င်း၏ နိုင်ငံရေး၊ စီးပွါးရေး ချိတ်ဆက်မှုများကြောင့်လည်းကောင်း၊ အရှေ့ - အနောက် တင်းမာမှုနှင့် ယှဉ်ပြိုင်မှုပြုရာ ကြိုးဝိုင်းဖြစ်နေသည့် ၎င်း၏ အခန်းကဏ္ဍကြောင့်လည်းကောင်း၊ ထိုနိုင်ငံများ အတွက် အရေးကြီးလှသည်။ ဗြိတိန်နိုင်ငံသည် အသားအရောင်ခွဲခြားသော နိုင်ငံကို အကာ အကွယ်ပေးရာ၌

အရေးပါသော အခန်းက ပါဝင်ခဲ့ရာတွင် တောင်အာဖရိကနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့၏ ကိုလိုနီဆက်ဆံရေး ကလည်း အဓိကအချက်တခု ဖြစ်သည်။ ၁၉၇၀ လွန်နှစ်များ အလယ်မှစ၍ ဆိုဗီယက်ပြည်ထောင်စုနှင့် ၎င်း၏ မဟာမိတ်များသည် အင်ဂိုလာနိုင်ငံနှင့် မိုဇမ်ဘစ်နိုင်ငံ အစိုးရများကို ထောက်ခံအားပေးရာ၌ ပါဝင် ပတ်သက်ခဲ့ကြသည်။ "ဤဒေသအပေါ် ကွန်မြူနစ်စိတ်ဝင်စားမှု ရှိနေ၍ စစ်အေးတိုက်ပွဲ ရှုမြင်ပုံများမှာ ဝါရှင်တန်၊ လန်ဒန်နှင့် ဘွန်းတို့အတွက် ထိတ်လန့်တုန်လှုပ်ဖွယ် ဇာတ်မြစ် ဖြစ်လာသည်။" ဤနိုင်ငံများသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ပြောင်မဆန့်ကျင်နိုင်သော်လည်း လက်တွေ့တွင်မူ ကွန်မြူနစ်အန္တရာယ်ကို ထိန်းချုပ်နိုင်ရေး ကြိုးပမ်းသည့်အနေဖြင့် ၁၉၉၇ ခု လက်နက်ပိတ်ပင်မှုကဲ့သို့သော မလိုက်နာမနေရ ဆုံးဖြတ်ချက်များကို ချိုးဖောက်ခဲ့ကြသည်။


သို့ရာတွင် ကမ္ဘာ့နိုင်ငံရေးပိုင်းနှင့် ကျင့်ဝတ်ပိုင်း တိမ်းညွတ်မှုများက တောင်အာဖရိကနိုင်ငံအပေါ် နိုင်ငံတကာတုန့်ပြန်ချက်အား နောက်ပိုင်းတွင် ရိုက်ခတ်လာခဲ့၍ အနိမ့်ဆုံးအားဖြင့် နိုင်ငံဘက်ပေါင်းစုံ စုပေါင်းတုန့်ပြန်မှုများကို မျှော်လင့်နိုင်စရာ ဖြစ်လာခဲ့သည်။ ကိုလိုနီစနစ် ဖျက်သိမ်းရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ခေတ်ကာလတွင် တောင်အာဖရိကနိုင်ငံက နမ်မီဘီးယားကို သိမ်းပိုက်ထားခြင်းနှင့် အသားအရောင် ခွဲခြားရေးစနစ် ကျင့်သုံးခြင်းတို့မှာ လူ့ကျင့်ဝတ်နှင့်မညီဘဲ လက်မခံနိုင်စရာအဖြစ် ရှုမြင်လာကြသည်။

စီးပွါးရေးဆိုင်ရာ အကျိုးစီးပွါးများနှင့် စစ်အေးတိုက်ပွဲတို့က အင်အားကြီးအနောက်နိုင်ငံများကို ဤသို့ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ ချိုးဖောက်မှုအား အလုံးစုံ ဖိအားပေးရန် နှေးကွေးလာစေခဲ့ချိန်တွင် တတိယကမ္ဘာ နိုင်ငံများကမူ အထူးပင် ပိုမို တက်ကြွခဲ့ကြသည်။ အိန္ဒိယအစိုးရက အထွေထွေညီလာခံ၌ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ တွင် အိန္ဒိယလူမျိုးများအပေါ် ဆက်ဆံမှုနှင့် ပတ်သက်၍လည်းကောင်း၊ နောက်တဖန် ၁၉၅၂ ခုနှစ်တွင် အသားအရောင်ခွဲခြားရေးကိစ္စကိုလည်းကောင်း တင်သွင်းခဲ့သည်။ အိန္ဒိယနိုင်ငံသည် အိန္ဒိယ လူမျိုးများအတွက် သာမက အသားအရောင်ခွဲခြားရေးစနစ် တခုလုံးအတွက် အခွင့်အရေးကိစ္စကို ကိုင်တွယ် ရန် ပြင်ဆင်ထားပြီး အနောက်နိုင်ငံများက ယင်းချိုးဖောက်မှုများကို ပြတ်ပြတ်သားသား မဆန့်ကျင်ကြချိန် တွင် ၎င်းက ပြတ်ပြတ်သားသား ဆန့်ကျင်ပြခဲ့သည်။

နှိုင်းယှဉ်ချက်အရ အနောက်နိုင်ငံများ၏ တုန့်ပြန်မှုမှာ အလွန်ဆုံးအားဖြင့် နောက်ကျလှသည်ဟုသာ သရုပ်ဖော်နိုင်ပါသည်။ ၁၉၆၀ ခုနှစ်၊ မတ်လ(၂၁)ရက်နေ့ ရှာ့ပ်ဗီးလ်မြို့မှ လူငယ်များအား အစုအပြုံလိုက် သတ်ပွဲ နောက်ပိုင်းကျမှသာ အခြေအနေသည် "နိုင်ငံတကာတင်းမာမှုကို ဦးတည်သွားပြီး ဆက်လက် လွှတ်ထားပါက နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုနိုင်သည်"ဟု အနောက်နိုင်ငံများက အသိအမှတ် ပြုခဲ့ကြသည်။ တုန့်ပြန်သည့်အနေဖြင့် အထွေထွေညီလာခံက အရေးယူမှုတချို့ကို ဆောင်ရွက်ခဲ့ သည်။ ၎င်းက ပြည့်စုံကျယ်ပြန့်သည့် မလိုက်နာမနေရ အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အသားအရောင်ခွဲခြားရေး ပေါ်လစီများဆိုင်ရာ အထူးကော်မတီကို ထူထောင်ခဲ့သည်။ (ဆုံးဖြတ်ချက်အမှတ် ၁၆၇၁ (၁၇)၊ ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်နေ့) ဤကော်မတီကို နောက်ပိုင်းတွင် အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေး အထူးကော်မတီ (၁၉၇၄) ဟု ခေါ်တွင်ခဲ့ပြီး ၎င်း၏ အခွင့်အာဏာများထဲတွင် လူမျိုးခွဲခြားရေး အစိုးရကို လုံးဝ ဝိုင်းပယ်လှုပ်ရှားမှုများကို အားပေးမြှင့်တင်ရန်၊ အသားအရောင်ခွဲခြားရေးဆိုင်ရာ ကမ္ဘာ့ကုလ သမဂ္ဂ ဆုံးဖြတ်ချက်များအား အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန်နှင့် တောင်အာဖရိကနိုင်ငံနှင့် ပူးပေါင်းလုပ်ဆောင်မှုများကို ဖော်ထုတ်ဖွင့်ချရန်တို့ ပါဝင်သည်။

ထိုစဉ်က ကမ္ဘာ့ကုလသမဂ္ဂ၏ အခြားလုပ်ဆောင်ချက်များကလည်း တောင်အာဖရိကအခြေအနေကို သွယ်ဝိုက်ပြီး ဩဇာသက်ရောက်ခဲ့သည်။ ၁၉၆၀ ခုနှစ် ကိုလိုနီတိုင်းပြည်များနှင့် ပြည်သူများအား လွတ်လပ်ရေးပေးခြင်းဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ကြေငြာချက်နှင့် ၁၉၇၀ ခုနှစ် နိုင်ငံအချင်းချင်း ချစ်ကြည်စွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူများ ကြေညာချက်တို့က အသားအရောင်ခွဲခြားရေးပေါ်လစီကို တရားမဝင်အောင် လုပ်ပစ်ခဲ့ပြီး ကိုလိုနီခေတ်စနစ် ဆန့်ကျင်ရေး တိုက်ပွဲဝင်နေသည့် လွတ်မြောက်ရေးလှုပ်ရှားမှုများကို တရားဝင်စေခဲ့သည်။

တောင်အာဖရိကအရေးသည် ဤသို့ ကမ္ဘာ့ကုလသမဂ္ဂ၏ အစဉ်တစိုက် အာရုံစိုက်မှုကို ရရှိခဲ့ခြင်း အကြောင်းရင်းမှာ အဓိကအားဖြင့် အာဖရိကနိုင်ငံများက ၁၉၆၃ ခုနှစ်၌ ဒေသဆိုင်ရာ "အာဖရိက ညီညွတ်ရေး အဖွဲ့"အတွင်း ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းတို့နှင့်အညီ ကိုလိုနီစနစ်သဏ္ဍာန်အားလုံး ဖျက်သိမ်းရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး အပါအဝင် ဘုံအရေးကိစ္စများအပေါ် စုစည်းညီညွတ်နိုင်ခဲ့မှုကြောင့် ဖြစ်သည်။ ဆက်လက် ချမှတ်ခဲ့သည့် "လူမှုရေး ပိတ်ဆို့ဒဏ်ခတ်မှုများ"ကြောင့် တောင်အာဖရိကနိုင်ငံမှာ ဓနသဟာယအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့ချုပ်(ILO)၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)တို့မှ အတင်းအကြပ် နှုတ်ထွက်ခိုင်းခံရပြီး ကမ္ဘာ့ကုလသမဂ္ဂ ပညာရေးလူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)မှလည်း နှုတ်ထွက်ခဲ့ရသည်။ အာဖရိကစီးပွါးရေးကော်မရှင်မှ ရပ်စဲခံရသည်။ ကွန်းဖရင့်အများအပြားမှလည်း ထုတ်ပယ်ခံခဲ့ရသည်။





နိုင်ငံတကာလှုပ်ရှားမှုများကလည်း အနောက်နိုင်ငံများ၏ ပြည်တွင်းမဲဆန္ဒရှင်များကို စည်းရုံးကာ တောင်အာဖရိကထွက်ကုန်များ သပိတ်မှောက်ရေး၊ တောင်အာဖရိကနိုင်ငံသားများကို နိုင်ငံတကာပွဲလမ်းများ ပါဝင်ခွင့်ပိတ်ပင်ရေးတို့ကို စီစဉ်လှုပ်ရှားခဲ့သည်။ တောင်အာဖရိက အားကစားသမားများကို ဝိုင်းပယ်မှုက တိုင်းပြည်၏ စိတ်ဓာတ်ကို ထိခိုက်စေခဲ့ပြီး ပြည်ပပို့ကုန်များ သပိတ်မှောက်မှု၊ တောင်အာဖရိကနိုင်ငံနှင့် ပတ်သက်နေသည့် ဘဏ်များ၊ စီးပွါးရေးလုပ်ငန်းများအား သပိတ်မှောက်မှုက တောင်အာဖရိကစီးပွါးရေးကို သာမက ၎င်းနှင့် ပတ်သက်သူများ၏ မူလရင်းမြစ်စီးပွါးရေးများကိုပါ ထိခိုက်စေခဲ့သည်။ ကမ္ဘာတလွှားမှ ပြည်သူများ စုစည်းလှုပ်ရှားမှုက သာမန်အားဖြင့် အသားရောင်ခွဲခြားရေးကို ထိပ်တိုက်ရင်ဆိုင်ရေး စိတ်မဝင်စားသည့် ပေါ်လစီချသူများ၏ ဆုံးဖြတ်ချက်များအပေါ် သိသိသာသာ အကျိုးသက်ရောက် စေခဲ့သည်။

၁၉၈၀ လွန်နှစ်များ၏ ပြောင်းလဲနေသော ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံကလည်း အသားရောင်ခွဲခြားရေး စနစ် ကျဆုံးရေးကို ဩဇာသက်ရောက်သည့် အချက်တခု ဖြစ်ခဲ့သည်။ ၁၉၈၆ ခုနှစ် ဂိုဘာချော့ဘ်နှင့် ရီဂင်တို့၏ အိုက်စ်လန် ထိပ်သီးဆွေးနွေးပွဲ နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်တို့သည် အီသီယိုးပီးယား၊ အင်ဂိုလာ၊ နမီဘီးယားနှင့် တောင်အာဖရိကတို့ဆိုင်ရာ ပဋိပက္ခများကို ဖြေရှင်းနိုင်ရန် အတူတကွ ညှိနှိုင်းလုပ်ကိုင်ခဲ့ကြသည်။ ထို့အပြင် စစ်အေးတိုက်ပွဲ ပြီးဆုံးသွားမှုက တောင်အာဖရိကတိုက် တောင်ပိုင်းဒေသ၏ သယံဇာတရင်းမြစ်အဖြစ်လည်းကောင်း၊ အဓိက ရေတပ်ဖြတ်လမ်းတခုအဖြစ် လည်းကောင်း မဟာဗျူဟာ အရေးပါမှုကို လျော့ကျသွားစေခဲ့သည်။ ထို့အတွက် အနောက်နိုင်ငံများအနေဖြင့် တောင်အာဖရိကနိုင်ငံအပေါ် ပြင်းထန်သည့် ပေါ်လစီများ ချမှတ်ရန် ပိုမို ဆန္ဒရှိလာစေခဲ့သည်။ ထို့ကြောင့် စစ်အေးလွန်ခေတ် နိုင်ငံရေးက ၁၉၉၂ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ အသွင်ကူးပြောင်းရန် အခွင့်သာ စေခဲ့သည်။

ဤနိုင်ငံစုံ၊ ဘက်ပေါင်းစုံ တုန့်ပြန်မှုများက တောင်အာဖရိကနိုင်ငံမှ အသားရောင် ခွဲခြားမှုဆန့်ကျင်ရေး လွတ်မြောက်ရေးလှုပ်ရှားမှု၏ သံမိဏ္ဍာန်ကို အားပေးခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂကလည်း လှုပ်ရှားမှုကို တရားဝင်အနေအထား ပေးခဲ့ပြီး တန်းတူရေးအတွက် တိုက်ပွဲဝင်နေသူများကို ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးစားပွဲဝိုင်းဖြစ်သည့် ကမ္ဘာ့ကုလသမဂ္ဂကြီးဝိုင်းထဲတွင် နေရာတခုပေးခဲ့သည်။

***(ဆက်လက် ဖော်ပြပါမည်။)***



# စစ်ကောင်စီက ကျင်းပမယ့် ရွေးကောက်ပွဲအကြောင်း

ဆူးခင်းလမ်းက ပန်းသတင်း အစီအစဉ် – Mizzima (မေ၊ ၂၁၊ ၂၀၂၅။)

ဒေါ်နှင်းနှင်းမွှေး (တွဲဖက်အထွေထွေအတွင်းရေးမှူး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ – NUCC ကောင်စီဝင် )




**မေး - ပြည်သူတွေအနေနဲ့ စကစ ကျင်းပမယ့် ရွေးကောက်ပွဲကို ဘယ်လို သပိတ်မှောက်သင့်သလဲဆိုတာကို အကြံပြု ဆွေးနွေးပေးစေချင်ပါတယ်။**

**ဖြေ -** ပြည်သူတွေအနေနဲ့ သပိတ်မှောက်ရမယ့် နည်းလမ်းတွေကို ကျမတို့က လမ်းညွှန်တယ်၊ ပြောတယ် ဆိုတာထက် ပြည်သူလူထုက ကိုယ့်ဒေသနဲ့ လျော်ညီတဲ့ နည်းလမ်းတွေကို ရွေးချယ်ကြရလိမ့်မယ်လို့ ယူဆတယ်။ ဘာကြောင့်လဲဆိုတော့ ဒေသတခုနဲ့တခု၊ အခြေအနေတရပ်နဲ့တရပ် ထပ်တူကျချင်မှ ကျပါ လိမ့်မယ်။ ဒါပေမယ့် သေချာတာကတော့ ဒီရွေးကောက်ပွဲက အတုအယောင် ရွေးကောက်ပွဲဖြစ်တယ်။ အပြစ်မဲ့တဲ့ ပြည်သူတွေကို နေ့စဉ်ရက်ဆက်ဆိုသလို ဗုံးကြဲသတ်ဖြတ်နေတဲ့ အကြမ်းဖက်စစ်အုပ်စုက သူရဲ့ နိုင်ငံရေးထွက်ပေါက်ရအောင်လို့ ကြိုးစားနေတဲ့ရွေးကောက်ပွဲ ဖြစ်တယ်။ မနေ့ကပဲ ဒီပဲယင်း၊ အိုးထိန်း တွင်းရွာ စာသင်ကျောင်းကို အကြမ်းဖက်စစ်အုပ်စုက လေကြောင်းကနေ ပစ်ခတ်တိုက်ခိုက်တဲ့ အတွက် အပြစ်မဲ့ ကလေးငယ်တွေ အများအပြားနဲ့ ဆရာ၊ဆရာမတွေ သေဆုံးခဲ့ကြရတယ်။ အများအပြားလည်း ဒဏ်ရာပြင်းပြင်းထန်ထန် ရခဲ့တယ်။ ဒီလို ဖြစ်ရပ်ဆိုးမျိုးတွေ ထပ်ပြီး မကြုံကြရအောင်က အကြမ်းဖက် စစ်အုပ်စု နိုင်ငံရေးနယ်ပယ်မှာ နေရာမရမှ ဖြစ်မှာပါ။ သူတို့တွေ နိုင်ငံရေးနယ်ပယ်မှာ နေရာရဖို့အတွက်၊ တစုံတရာ တရားဝင်မှုရဖို့အတွက် ဖြစ်စေနိုင်မယ့် နည်းလမ်းမှန်သမျှ၊ ကိစ္စမှန်သမျှကို ကျမတို့က နည်းမျိုးစုံနဲ့ ဆန့်ကျင်ကြရမှာပဲ ဖြစ်ပါတယ်။

**မေး - စကစက ခုနောက်ပိုင်းတွေမှာ၊ ပျောက်ကြားသပိတ်လုပ်တဲ့နေရာမှာ လူထုကို အန္တရာယ်ပြု ခြိမ်းခြောက်တဲ့ အရာတွေလည်း ရှိတယ်။ ပြည်သူကလည်း စကစ ကျင်းပမယ့် ရွေးကောက်ပွဲကို သပိတ်မှောက်ရင် စကစက အန္တရာယ်ပြု ခြိမ်းခြောက်တာတွေ လုပ်လာနိုင်တယ်။ သပိတ်မှောက်မယ့် ပြည်သူတွေအနေနဲ့ ဘာတွေ ဘယ်လိုမျိုး သတိထား လုပ်ရမလဲ?**

**ဖြေ -** စစ်အုပ်စုကတော့ ရွေးကောက်ပွဲမှာ သပိတ်မှောက်မှ မဟုတ်ပါဘူး။ နေ့စဉ်ဆိုသလိုပဲ ပြည်သူလူထုကို နည်းမျိုးစုံ၊ ပုံသဏ္ဍာန်ပေါင်းစုံနဲ့ အန္တရာယ်ပြုနေကြတာကို ကျမတို့ တွေ့နေရတယ်။ ပြည်သူတွေအနေနဲ့ ကိုယ့်ဘာသာကိုယ် လမ်းသွားနေရင်တောင် ခေါ်စစ်တယ်၊ မထင်ရင် မထင်သလို ရိုက်နှက်နှိပ်စက် သတ်ဖြတ်တယ်။ ထောင်သွင်းအကျဉ်းချတယ်ဆိုတာ တွေ့ရတယ်။ ကျမတို့ ရင်ဆိုင်ကြုံတွေ့နေရတာက ကျမတို့နိုင်ငံရဲ့ သမိုင်းတလျှောက်မှာ မကြုံဖူး၊ မတွေ့ဖူးတဲ့ အင်မတန်မှပဲ ရက်စက်ဆိုးယုတ်ပြီး လူစိတ်လုံးလုံး ကင်းမဲ့နေတဲ့သူတွေ ဖြစ်တယ်ဆိုတော့ ကျမတို့က ရွေးကောက်ပွဲသပိတ်မှောက်တဲ့ ကိစ္စအပါအဝင် ဘယ်ကိစ္စကိုမဆို သတိကြီးကြီးထားပြီး ဆောင်ရွက်ကြဖို့ လိုလိမ့်မယ်လို့ ပြောချင်ပါတယ်။

**မေး - ရွေးကောက်ပွဲဝင်မယ့် ပါတီတွေက မှတ်ပုံတင်ပြီးသွားပြီဆိုတော့ လူထုအကျိုးကို ဆောင်ရွက်နိုင်မယ်လို့ မြင်လား။ ဘယ်လို မြင်လဲ။ သုံးသပ်ပေးပါဦး ဆရာမ။**

**ဖြေ -** စစ်အုပ်စုရဲ့ လက်အောက်မှာ မှတ်ပုံတင်ထားတဲ့ ပါတီတွေအနေနဲ့ ဒီစစ်အုပ်စုက ဘယ်လို အတန်းအစားမျိုးလဲ၊ ဘယ်လိုအခြေအနေမျိုးမှာ ရှိတဲ့သူတွေလဲ ဆိုတာကိုတော့ သေသေချာချာ သတိချပ်ကြရ လိမ့်မယ်လို့ မြင်ပါတယ်။ ဒီစစ်အုပ်စုက ဒီမိုကရေစီအခင်းအကျင်းတွေကို ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တာ ဖြစ်တယ်။ ဒီလိုမျိုး ဒီမိုကရေစီအခင်းအကျင်းတွေကို ရိုက်ချိုးဖျက်ဆီးခဲ့တဲ့ စစ်အုပ်စုဆီက ဘာတွေများ မျှော်လင့်နေကြတာလဲလို့ ကျမ မေးခွန်းထုတ်ချင်တယ်။ ကတယ်တမ်းဆိုရင် ရွေးကောက်ပွဲတရပ်ဆိုတာ ဒီမိုကရေစီကို ဖော်ဆောင်ပေးဖို့ အင်မတန်မှ အရေးကြီးပါတယ်၊ ဒါပေမယ့် အဲ့ဒါကို ဖျက်ပစ်တဲ့သူတွေဆီက ဘာမျှော်လင့်ရမှာလဲ။ နောက်တခုက နိုင်ငံရေးပါတီတရပ်ရဲ့ အဓိကလိုအပ်ချက်က ပြည်သူထောက်ခံမှု ရဖို့ပဲ။ အခု စစ်အုပ်စုနဲ့ အပေါင်းအပါတွေကလွဲလို့ တတိုင်းပြည်လုံးနီးပါး စစ်အုပ်စုကို ဆန့်ကျင်ကြတယ်၊ ရွံရှာကြတယ်၊ မုန်းတီးကြတယ်။ မနေ့ကဆိုရင်လည်း အပြစ်မဲ့တဲ့ကလေးနဲ့ ဆရာ ဆရာမတွေကို ပစ်ခတ်သတ်ဖြတ်ခဲ့တာကြောင့် တတိုင်းတပြည်လုံး ယူကျုံးမရ ဖြစ်ကြရတယ်။ အဲ့ဒီလောက် ရက်စက်ဆိုးယုတ်တဲ့ သူတွေက ကျင်းပမယ်ဆိုတဲ့ ရွေးကောက်ပွဲကို ပါဝင်မယ်ဆိုရင် ပြည်သူရဲ့ ထောက်ခံမှုကို ရဖို့ထက် ပြည်သူ့ချဉ်ဖတ်ဖြစ်ဖို့က ပိုများတယ်လို့ ပြောချင်ပါတယ်။

**မေး - စကစလုပ်တဲ့ ရွေးကောက်ပွဲကို ပါဝင်တဲ့ ပါတီတွေနဲ့ အာဏာမသိမ်းမီ အရပ်သားအစိုးရ လက်ထက်က ပါတီတွေနဲ့ ဘယ်လိုမျိုး ကွာခြားသလဲ။**

**ဖြေ -** ၂၀၀၈ အောက်မှာ ရွေးကောက်ပွဲတွေ လုပ်ခဲ့ကြတာချင်းကတော့ အတူတူပဲ ဖြစ်တယ်။ သို့သော်လည်းပဲ အရင်တုန်းကတော့ မျှော်လင့်ချက် တစုံတရာ ရှိခဲ့တယ်လို ယူဆတယ်။ ဦးသိန်းစိန် အစိုးရဆိုရင်လည်း ယူနီဖောင်းချွတ်ပြီးတော့ အရပ်ဝတ် ဝတ်ခဲ့တယ်။ ကျမတို့အခေါ် စစ်တပိုင်းအစိုးရပေါ့။ သို့သော်လည်း သူက နာမည်ကောင်းရချင်တဲ့အတွက် ဒီတိုင်းပြည်မှာ ၂၀၀၈ ဆိုတဲ့ ဖွဲ့စည်းပုံကြီး ရှိတယ်။ အဲ့ဒီ ဖွဲ့စည်းပုံကြောင့် ရွေးကောက်ထားတဲ့ လွှတ်တော်ကြီးရှိတယ်။ အစိုးရရှိတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ နိုင်ငံတကာကို ချပြဖို့ သူတို့ ကြိုးစားခဲ့တယ်။ သိမ်မွေ့ညင်သာသောလို့ ယူဆရတဲ့ နည်းလမ်းတွေကို သုံးဖို့ ကြိုးစားခဲ့တယ်။ အဲဒီကနေ

တခါထပ်ပြီး ရွေးကောက်ပွဲလုပ်တော့ NLD အစိုးရ အာဏာရခဲ့တယ်။ အာဏာရတဲ့အခါ ပြည်သူတွေမှာ မျှော်လင့်ချက်ရောင်ခြည် တစုံတရာ သန်းလာတဲ့အချိန်မျိုး ဖြစ်ခဲ့တယ်။ အဲဒီအခြေအနေကနေ အခု အားလုံးကို ရိုက်ချိုးခံလိုက်ရတဲ့အခြေအနေ ဖြစ်သွားတယ်။ အရင်တုန်းကမှ နည်းနည်းပါးပါး မျှော်လင့်လို့ ရနိုင်သေးတယ်။ ၂၀၀၈ ကို ပြင်နိုင်မလား၊ လွှတ်တော်တွင်းနဲ့ လွှတ်တော်ပြင်ပကို ပေါင်းပြီး ပြင်ကြစို့ရဲ့ ဆိုတာမျိုး စဉ်စားနိုင်ခဲ့သေးတယ်။ အခုကတော့ ဘယ်လိုမှ မျှော်လင့်လို့ မရတော့ဘူး။ ဒီ ၂၀၀၈ ရှိနေသမျှ ကာလပတ်လုံး ကျမတို့နိုင်ငံအတွက် ဒီမိုကရေစီရောင်ခြည် မပြောနဲ့ အရိပ်အငွေ့လေးတောင် ရမှာ မဟုတ်ဘူးဆိုတာ သေချာသွားပြီ။ စစ်အုပ်စုကိုယ်တိုင်လည်း ၂၀၀၈ ကို ချိုးဖောက်ပေမယ့် ဒီ ၂၀၀၈ ကိုပဲ ကိုင်ပြီး ဒါနဲ့ပဲ လုပ်မယ်ဆိုတော့ ဒီ ၂၀၀၈ ရှိနေသမျှ ကာလပတ်လုံး ဘယ်လို ဒီမိုကရေစီအခင်းအကျင်းမျိုးမှ ဖြစ်လာမနိုင်ဘူး။ အဲ့ဒါကြောင့်မို့လို့ လက်ရှိ အခြေအနေမှာ ဒီမိုကရေစီနိုင်ငံရေးပါတီတွေအနေနဲ့ကတော့ ပါဝင်သင့်တဲ့ အခင်းအကျင်းမျိုး၊ အခြေအနေမျိုးမဟုတ်ဘူးလို့ ပြောချင်ပါတယ်။

**မေး - ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေကလည်း စကစလုပ်မယ့် ရွေးကောက်ပွဲကို အရင်မလုပ်နဲ့။ အရင်ဆွေးနွေး၊ ဆွေးနွေးပြီးမှ ရွေးကောက်ပွဲလုပ် ဆိုတာတွေလည်း ပြောတာရှိသလို အာဆီယံကလည်း အရင်တုန်းကဆိုရင်တော့ Five Point Consensus အချက်တွေနဲ့ပေါ့နော်။ ဒါပေမယ့် အခုအခြေအနေမှာ အရင်ဆွေးနွေးပြီးမှ ရွေးကောက်ပွဲလုပ်ဆိုတဲ့ လမ်းကြောင်းကို ပြောလာကြတယ်။ ဒီအပေါ်ကိုရော ဆရာမ အနေနဲ့ ဘယ်လို မြင်ပါသလဲ။ သုံးသပ်ပေးပါဦး။**

**ဖြေ -** ဟုတ်ကဲ့ ဒီရွေးကောက်ပွဲကို စကစက အတင်းအကြပ်လုပ်ဖို့ စိုင်းပြင်းနေတယ်။ ပြည်သူတွေက ငလျင်ဘေးကြောင့် တော်တော်ကို ဒုက္ခရောက်ကြရတာ။ မနေ့တနေ့ကအထိတောင် အလောင်းတွေက ဖော်လို့မဆုံးဘူး ဖြစ်နေတယ်။ ကျမတို့တိုင်းပြည်မှာ ပြန်လည်ထူထောင်ရေးတွေ အများကြီး လုပ်ကြရဦးမှာ ဖြစ်တယ်။ အဲ့လို ပြည်သူတွေဒုက္ခရောက်တဲ့ အချိန်မှာတောင်မှပဲ ပြည်သူတွေကို ကူညီကယ်ဆယ်ရမယ့် အစား၊ ပြန်လည်ထူထောင်ရေးလုပ်ရမယ့်အစား၊ ရွေးကောက်ပွဲလုပ်မယ်လို့ တွင်တွင် လိမ့်အော်နေတယ်။ ပြည်သူတွေကို ဖုံးကြသတ်ဖြတ်နေတယ်။ ဆိုတော့ အဲ့လိုအခြေအနေမျိုးကို နိုင်ငံတကာက နားလည်ထားဖို့ လိုလိမ့်မယ်။



ဒီရွေးကောက်ပွဲကိုကြည့်ရင် ကျမတို့ အရင်တုန်းကလည်း ကြုံခဲ့ဖူးတယ်။ ၂၀၀၈ တုန်းက နာဂစ်ဖြစ်တယ်။ ပြည်သူတွေ သိန်းနဲ့ချီပြီးတော့ သေကြေပျက်စီးရတယ်။ ဒါပေမယ့် အဲ့ဒီသူတွေက မဲစာရင်းမှာပါလာပြီးတော့ ၂၀၀၈ က အတည်ဖြစ်သွားတယ်။ အခုကျတော့ ပြည်သူတွေ ဘယ်လောက်ပဲ ဒုက္ခရောက်နေရောက်နေ ဒါကို လုပ်မယ်လို့ ပြောတယ်။ အခု ကျမတို့နိုင်ငံရဲ့ အခြေအနေကို ကြည့်လိုက်မယ်ဆိုရင် အတင်းအဓမ္မ စစ်မှုထမ်းခိုင်းတဲ့ဥပဒေကြောင့် နိုင်ငံတွင်းမှာရှိတဲ့ လူငယ်လူရွယ်တွေက အိုးအိမ်စွန့်ခွာပြီး ထွက်ပြေးကြရတယ်။ တိမ်းရှောင်ကြရတယ်။ တော်လှန်ရေးတပ်ဖွဲ့ဆီ ရောက်ကြရတယ်။ အဲ့လိုပဲ ဗုံးကြဲသတ်ဖြတ်မှုတွေ၊ ပစ်ခတ်သတ်ဖြတ်မှုတွေ၊ လိုက်လံဖမ်းဆီးမှုတွေကြောင့် ကျမတို့ပြည်သူတွေက နေရာတခုတည်းမှာ အတည်တကျ နေလို့ကို မရကြတော့ဘူး။ အမြဲတမ်း အိုးအိမ်စွန့်ခွါ ထွက်ပြေးနေရတယ်။ အဲ့လို အခြေအနေမျိုးမှာ ရွေးကောက်ပွဲတခုရဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ မဲစာရင်းကို ဘယ်လို ကောက်မှာလဲ။ မရနိုင်ဘူးလေ။ ရမယ်ဆိုရင်လည်း အတုအယောင် အလိမ်အညာပဲ ဖြစ်လိမ့်မယ်။ အဲ့လို အခြေအနေမျိုးကို သေသေချာချာ လေ့လာတာမျိုး၊ ဝိုင်းဝန်းတာမျိုးမဟုတ်ဘဲနဲ့ ဒီစစ်အုပ်စုက လုပ်မယ်ဆိုတဲ့ ရွေးကောက်ပွဲကို ဝိုင်းဝန်းပြီးတော့ ဖိအားပေးကြမယ် တွေ့ဆုံဆွေးနွေးရေးကိုပဲ တွင်တွင်ပြောကြမယ်ဆိုရင်တော့ တော်တော်ကို လွဲနေပြီလို့ ပြောချင်ပါတယ်။

**မေး - ၂၀၀၈ တုန်းကလည်း နာဂစ်ဖြစ်တဲ့အချိန်မှာ စစ်အုပ်စုက ခြေဥကို ဆွဲပြီးတော့ ရွေးကောက်ပွဲ လုပ်သွားတယ်။ အခုလည်း စကစက ရွေးကောက်ပွဲကို အတင်းအကြပ်လုပ်မယ်ဆိုရင် အောင်မြင်နိုင်ပါမလား။ မြန်မာတနိုင်ငံလုံးကလည်း စစ်မီးတောက်လောင်နေတယ်ဆိုတော့ ဘယ်နေရာတွေပဲ ဆောင်ရွက်ကျင်းပနိုင်မယ်လို့ ဆရာမအနေနဲ့ မြင်ပါသလဲ။**

**ဖြေ -** စစ်အုပ်စုကတော့ သူတို့ အကျိုးရှိမယ်ဆိုရင် ဘယ်လို ကိစ္စမျိုးကိုမဆို လုပ်ခဲ့တာ သမိုင်းမှာလည်း တွေ့ခဲ့ပြီးပြီ။ ၂၀၀၈ တုန်းကလည်း ဒီလိုပဲ လုပ်ခဲ့တယ်။ အခုတခါ ငလျင်မှာလည်း ရွေးကောက်ပွဲလုပ်မယ်ဆိုပြီး ထပ်ပြောတယ်။ ပြည်သူတွေ သိန်းနဲ့ချီပြီး သေတဲ့အချိန်မှာတောင် လုပ်တယ်ဆိုတော့ အခု ငလျင်လှုပ်တဲ့အချိန်မှာလည်း အတင်းအကြပ် လုပ်လာနိုင်ပါတယ်။ ခုနက ကျမပြောခဲ့သလိုပဲ တတိုင်းတပြည်လုံးနီးပါးက ကိုယ့်အရပ် ကိုယ့်ဒေသတွေမှာ အခြေတကျ မနေနိုင်ဘဲ စွန့်ခွါထွက်ပြေးနေရချိန်မှာ ဘယ်လိုမျိုးမဲစာရင်းတွေနဲ့ ရွေးကောက်ပွဲလုပ်မှာလဲ။ မဲလိမ်ဖို့၊ မဲခိုးဖို့ပဲ ရှိတယ်။ ဆိုတော့ ဒီအတုအယောင်ရွေးကောက်ပွဲရဲ့ ရလဒ်က ကောင်းကျိုးတွေ ဖြစ်မလာနိုင်ပါဘူး။

နောက်တခုက ဒီရွေးကောက်ပွဲကို အတင်းအကြပ် လုပ်လာမယ်ဆိုရင်၊ မြို့ကြီးပြကြီးတချို့မှာပဲ လုပ်နိုင်လိမ့်မယ်လို့ မြင်တယ်။ ဘာကြောင့်လဲဆိုရင် အခု နိုင်ငံရဲ့ ဒေသတော်တော်များများကို စစ်အုပ်စုက ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်ထားနိုင်တဲ့ အခြေအနေမျိုး မရှိဘူး။ လားရှိုးတောင်မှပဲ တရုတ်ရဲ့ အကူအညီနဲ့ အတင်းအဓမ္မ ခြိမ်းခြောက်မှုတွေအမျိုးမျိုး၊ အပေးအယူတွေအမျိုးမျိုးနဲ့ ပြန်ပြီးတော့ ရယူထားရတဲ့ အခြေအနေမျိုး ဖြစ်တယ်။ ဆိုတော့ မြို့ကြီးပြကြီး တချို့ကလွဲရင် ကျန်တဲ့ဒေသတွေမှာတော့ သူတို့ ဒါကို ကောင်းကောင်းလုပ်နိုင်ဖို့ ခက်ခဲလိမ့်မယ်။ နောက်တခုက KNU တို့ KNPP တို့၊ KIA တို့ အစရှိတဲ့ ERO တွေက ဒီအတုယောင်ရွေးကောက်ပွဲတွေကို သူတို့စိုးမိုးထားတဲ့ နယ်မြေတွေမှာ လက်မခံနိုင်ဘူး၊ လုပ်ခွင့်မရှိဘူး ဆိုပြီးတော့ အတိအလင်း စာထုတ်ထားတာ ရှိတယ်။ နောက်တချက်ကတော့ ရခိုင်ဒေသ၊ တအာင်းဒေသလို ဒေသတွေဆိုရင် လုပ်လို့ရမှာ မဟုတ်ဘူးဆိုတာ သေချာတယ်။ ချုပ်ပြီး ပြောရမယ်ဆိုရင် နေရာအနည်း

အကျဉ်းမှာ သူတို့ လုပ်နိုင်လိမ့်မယ်။ သို့သော်လည်း သူတို့လုပ်နိုင်မယ့် နေရာတွေမှာလည်းပဲ လုပ်နိုင်ဖို့ အခြေအနေက သိပ်တော့ မသေချာဘူးလို့ထင်ပါတယ်။

**မေး - ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကပဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ရုရှားခရီးစဉ်အပြီးမှာ တရုတ်နိုင်ငံက ဒီရွေးကောက်ပွဲကို ထောက်ခံအားပေးတယ်ဆိုပြီးတော့ ဗိုလ်ချုပ်ဇော်မင်းထွန်းက သူရဲ့စကစလော်ဘီတွေကို ပြောတယ်။ မေးချင်တာကတော့ ဘယ်နိုင်ငံတွေက စကစ ရွေးကောက်ပွဲကို ထောက်ခံနိုင်လဲ။ တဆက်တည်းမှာပဲ အဲ့လို ထောက်ခံတာတွေက မြန်မာ့နိုင်ငံရေးကို ဘယ်လို သက်ရောက်နိုင်လဲ။ အပြောင်းအလဲ ဖြစ်သွားနိုင်မလား။ အဲ့ဒါလေး ဆွေးနွေးပေးပါဦး။**

**ဖြေ -** စစ်အုပ်စုက အရှက်တရားကင်းမဲ့တော့ ဘယ်သူက ဘာပဲပြောပြော သူလိုရာကို ဆွဲပြောတတ်တာက အလေ့အကျင့်တခုလို ဖြစ်နေပြီ။ တရုတ်ပြောတဲ့အထဲမှာ ဘက်ပေါင်းစုံ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ပြီးတော့မှ ရွေးကောက်ပွဲလုပ်ဖို့ တိုက်တွန်းတာလို့ ကျမကတော့ နားလည်တယ်။ တရုတ်လည်း ဒီလောက်တော့ မအဘူး ထင်ပါတယ်။ ဒါပေမယ့် တရုတ်ပဲဖြစ်ဖြစ်၊ အိန္ဒိယပဲဖြစ်ဖြစ်၊ ရုရှားပဲဖြစ်ဖြစ် ဘယ်နိုင်ငံမဆို ကျမတို့နိုင်ငံရဲ့ အခြေအနေကို တည်ငြိမ်အေးချမ်းစေချင်တဲ့ စိတ်စေတနာ အမှန်တကယ်ရှိတယ် ဆိုရင်တော့ စစ်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်တာတို့၊ စစ်အုပ်စုကို နိုင်ငံရေးအရ တရားဝင်မှုရအောင် ကူညီပံ့ပိုးပေးတာတို့က အဖြေဟုတ်မနေပါဘူး။ ပိုဆိုးတဲ့အခြေအနေပဲ ဖြစ်လာပါလိမ့်မယ်။ နောက်တခုကတော့ အခု မလေးဆိုရင် Myanmar Own, Myanmar Led ဆိုပြီး မြန်မာ့အရေးနဲ့ ပတ်သက်ပြီးတော့ Stakeholder တွေကို ဖိတ်ခေါ်ဆွေးနွေးတဲ့ကိစ္စတွေ လုပ်လာနေပြီဆိုတဲ့ အခြေအနေတွေ ကျမတို့ တွေ့ရတယ်။ ဒါကြောင့်မို့လို့ ကမ္ဘာ့အခင်းအကျင်းက နည်းနည်းတော့ ချိန်းလာပြီလို့ မြင်တယ်။ စစ်အုပ်စုအခွန့်ရှည်ရေး၊ တည်မြဲရေး အတွက် ကူညီပေးမယ်ဆိုရင် ကျမတို့နိုင်ငံရဲ့ပြည်တွင်းရေးက တကယ်ကို အေးချမ်းသွားမှာ တည်ငြိမ်သွားမှာ မဟုတ်ပါဘူး။ ဒီစစ်အုပ်စုကို နိုင်ငံရေးကနေ ထွက်သွားအောင် ဝိုင်းဝန်းကူညီပေးခြင်းကသာလျှင်၊ တော်လှန်ရေးတပ်ဖွဲ့တွေ တော်လှန်ရေးအင်အားစုတွေနဲ့ ပူးပေါင်းဆောင်ရွက်ခြင်းကသာလျှင် ကျမတို့နိုင်ငံကို ကူညီရာရောက်ပြီး တည်ငြိမ်အေးချမ်းစေလိမ့်မယ်လို့ ပြောချင်ပါတယ်။ ။ ■■■





# ကိုယ့်ဒူးကိုယ်ချွန် အဆင်းရဲအပင်ပန်းခံ လုံးပန်းတိုက်ခိုက်တဲ့ ၄၈ – ၄၉ စိတ်ဓါတ်ကို ကိုင်ခွဲတိုက်ပွဲဝင်ကြ

**မင်းညီ**

တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုကို ဗဟိုပြုမျက်နှာမူတဲ့ ပြည်ချစ်ဝါဒီများဟာ လူမျိုးစုံသွေးစည်းချစ်ကြည်ရေးနဲ့ နယ်မြေ တစည်းတလုံးတည်းရှိရေးကို အစဉ်ဦးတည်ပြီး လူမျိုးစုံပြည်သူတရပ်လုံး အလုံးစုံအမှန်တကယ် ဘဝလွတ်မြောက်ဖို့နဲ့ တိုးတက်ကြီးပွားရေးကို အထူးအာရုံစိုက် အလုပ်အကျွေးပြုနိုင်ဖို့ရာ ဗမာပြည် ဖောက်ပြန်တဲ့ အုပ်စိုးသူအဆက်ဆက်ကို တွန်းလှန်တိုက်ပွဲဝင်နေခဲ့တာ နှစ်ပရိစ္ဆေဒ ရှည်ကြာခဲ့ပါပြီ။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ (၄) ရက် လွတ်လပ်ရေးရပြီးနောက် တပြည်လုံးမှာ ဖဆပလ အစိုးရကို ဆန့်ကျင်တဲ့ လူထုတိုက်ပွဲများ ဆင်နွှဲနေချိန် ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ အစိုးရဘက်မှ အကြမ်းဖက်တဲ့နည်းနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီကို တိုက်ခိုက်လာတာကြောင့် မလွှဲမရှောင်သာတော့ဘဲ ပြည်တွင်းစစ်ထဲ ရောက်ရှိသွားရပါတယ်။

ဗမာပြည်တော်လှန်ရေးများ အရေးတော်ပုံ သမိုင်းကြောင်းတလျှောက် သားကောင်းရည်မွန်မျိုးဆက်အသီးသီးဟာ ၁၉၃၈-၃၉ ၁၃၀၀ပြည့်အရေးတော်ပုံကာလ နယ်ချဲ့ဆန့်ကျင်ရေး လူထုအုံကြွမှုနဲ့အတူ မွေးဖွားလာတဲ့ ပထမမျိုးဆက်၊ ၁၉၄၈-၄၉ ပြည်သူ့ဒီမိုကရေစီတော်လှန်ရေး အရေးတော်ပုံ (နယ်ချဲ့စနစ်၊ ပဒေသရာဇ်မြေရှင်စနစ်နဲ့ ဗျူရိုကရက်အရင်းရှင်စနစ်လို့ခေါ်တဲ့ စနစ်ဆိုး ၃ ခု)ကာလ ဒုတိယမျိုးဆက်၊ ၁၉၆၂ ဗိုလ်နေဝင်းခေါင်းဆောင်တဲ့ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ဆိုတဲ့ စစ် ၃ စစ် တိုက်ဖျက်ရေး တတိယမျိုးဆက်နဲ့ ရှစ်လေးလုံး အရေးတော်ပုံကို ဖြတ်သန်းပြီးတဲ့နောက် စစ် ၃ စစ် ဆန့်ကျင်တော်လှန်တဲ့

အရေးတော်ပုံများအတွင်း ဖြတ်သန်းရင့်ကျက် ကြီးထွားလာတဲ့ စတုတ္ထမျိုးဆက်များအဖြစ် လက်နက်ကိုင်တိုက်ပွဲ အပါအဝင် အခြားတိုက်ပွဲသဏ္ဍာန် အမျိုးမျိုးနဲ့ တော်လှန်သမိုင်း စာမျက်နှာများကို စဉ်ဆက်မပြတ် လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြတာဟာ ယခုအခါ ၂၀၂၁ ခုနှစ် ပြည်သူ့လက်နက်ကိုင် တော်လှန်ရေးကြီးနဲ့အတူ ဗမာပြည်ရဲ့ ပဥ္စမမျိုးဆက်များ ပေါ်ထွန်းလာခဲ့ပြီး ရှေ့ကမျိုးဆက်များဖြစ်တဲ့ တတိယ-စတုတ္ထမျိုးဆက်များနဲ့ စည်းလုံးညီညွတ်စွာ လက်တွဲရှေ့ဆောင်ကာ အဖိနှိပ်ခံ တိုင်းရင်းသားပြည်သူ တရပ်လုံးနဲ့အတူ ကျရာတော်လှန်ရေးတာဝန်များကို အားသွန်ခွန်စိုက် ထမ်းဆောင်လျက် ရှိပါတယ်။

တော်လှန်ရေးဆိုတာက ပုန်ကန်ထကြွတာ၊ လူတန်းစားတရပ်က အခြားလူတန်းစားတရပ်ကို အကြမ်းဖက် တွန်းလှန်ဖြိုဖျက်တာ၊ ခေတ်စနစ်ဟောင်း၊ အတွေးအခေါ်ဟောင်းနဲ့ လူ့အဖွဲ့အစည်းဟောင်းနေရာမှာ ခေတ်စနစ်သစ် အတွေးအခေါ်သစ်၊ လူမှုအဆောက်အအုံသစ်နဲ့ ပြောင်းလဲအစားထိုးတာ ဖြစ်တဲ့အတွက် ကမ္ဘာပေါ်မှာ ဘယ်တော်လှန်ရေးမှ တနေ့တရက် တမနက်နဲ့ ပြီးသွားတာမျိုး မဟုတ်ဘဲ အချိန်ပေးရတာချည်း ဖြစ်ပါတယ်။ တချိန်မဟုတ်တချိန် အခက်အခဲနဲ့ မုချ ကြုံကြရမှာပါ၊ တော်လှန်ရေး အခက်အခဲဆိုတာက တော်လှန်ရေးဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်အတွင်း သဘာဝကျစွာ ကြုံတွေ့ရတဲ့ အခက်အခဲသာ ဖြစ်ပါတယ်။ ဒီအခက်အခဲ အကျပ်အတည်းကိုလည်း တိုင်းရင်းသားပေါင်းစုံပြည်သူတရပ်လုံးရဲ့ သွေးစည်းညီညွတ်မှုစွမ်းအားနဲ့ပဲ ကျော်နင်းလွန်မြောက်နိုင်ရုံမကဘဲ နောက်ဆုံးမှာ ရန်သူဖက်ဆစ်အပေါ် အောင်ပွဲခံမှာ ဧကန်မုချဖြစ်ပါတယ်။

အခုလည်း ၂၀၂၁ ခုနှစ်ကစတင်ပြီး တောင်ပေါ်မြေပြန့်မကျန် တနိုင်ငံလုံးရှိ အမျိုးသားအသီးသီးပြည်သူများက စစ်ကောင်စီကို လက်နက်ကိုင်တိုက်ပွဲဆင်တဲ့ တော်လှန်ရေးဒီရေမြင့်တရပ်အဖြစ် စူးနစ်ဆုပ်ကိုင် အသိအမှတ်ပြုပြီး နွေဦးပြည်သူ့လက်နက်ကိုင် တော်လှန်ရေးကြီးမှာ အအုံလိုက် အကျင်းလိုက်ပါဝင်ဆင်နွှဲနေကြပုံဟာ ရဲဘော်လီနင်ပြောတဲ့ ပွဲတော်ကြီးလို တက်လက်ညီလွှန်းလှတယ်။

ပြည်သူလူထုကို အလုပ်အကျွေးပြုတဲ့၊ ပြည်သူလူထု ပြည့်စုံကြွယ်ဝ ချမ်းသာရေးကို အစဉ်ဦးတည်ရှေ့ရှုတဲ့ ပြည်ချစ်ဝါဒီများဟာ ထောင်ထဲမှာ၊ တရားရုံးရှေ့မှာ၊ ကြိုးစင်အောက်မှာ၊ ဘယ်ရန်သူ့ရှေ့မှောက်မှာဖြစ်ဖြစ်၊ ဘယ်အခြေအနေအောက်မှာဖြစ်ဖြစ်၊ လက်နက်ချ အညံ့ခံဒူးထောက်တာ မလုပ်ရဘူးဆိုတဲ့ တော်လှန်ရေးသွန်သင်ချက်ကို အခိုင်အမြဲ ဆုပ်ကိုင်ပြီး ယင်းသွန်သင်ချက်အပေါ် ရိုကျိုးလိုက်နာပုံကို ၁၉၇၅ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ ပဲခူးရိုးမတိုက်ပွဲအတွင်း သွေးစွန်းနေတဲ့ ရန်သူ့လက်ချက်နဲ့ တိုက်ပွဲကျဆုံးခဲ့တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌ သခင်ဇင်နဲ့ ပါတီအတွင်းရေးမှူး သခင်ချစ်တို့နှစ်ဦးရဲ့ နောက်ဆုံးအချိန်ထိ ဒူးမထောက် လက်နက်မချဘဲ ရဲရဲဝံ့ဝံ့ တိုက်ခိုက်ရင်းနဲ့ ဂုဏ်ရောင်ပြောင်စွာ ကျဆုံးခဲ့ရမှုက ကွန်မြူနစ်ခေါင်းဆောင်ပီပီ လက်တွေ့ပြသွားခဲ့ပါတယ်။

မျက်မှောက်အခြေအနေမှာ ရန်သူဖက်ဆစ်အုပ်စုဟာ နိုင်ငံရေးမျက်နှာစာ၊ လူထုမျက်နှာစာ၊ စစ်ရေးမျက်နှာစာနဲ့ သံရေးတမန်ရေးမျက်နှာစာ အစရှိလို့ ဘက်ပေါင်းစုံနယ်ပယ်မှာ  ခေါင်းမဖော်ဝံ့လောက်အောင် အရှုံးထုကြီးကို သိပ်သိပ်သည်းသည်း ရင်ဆိုင်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ လတ်တလော မြေပြင်စစ်ရေးမှာဆို ရန်သူဖက်ဆစ်အုပ်ဟာ စစ်ပွဲတိုင်း၊ စစ်ပွဲတိုင်းမှာ လဲလဲကွဲကွဲနဲ့ အရှုံးကြီး ရှုံးနေရပြီမို့ ဖက်ဆစ်တပ်သားတွေဟာ မြေပြင်စစ်ပွဲ တိုက်ရမှာ ကြောက်ရွံ့ထိတ်လန့်၊ နောက်တွန့် စိတ်ဓာတ်ပျက်ပြားပြီး အညံ့ခံ၊ လက်နက်ချ၊ ထွက်ပြေးဖို့သာ ကြံစည် လုပ်ဆောင်ကြပါတယ်။ ဒါကြောင့်ပဲ ရန်သူဟာ ကွက်မနိုင် ကျီမီးနဲ့ရှို့



ဆိုသလို တခုတည်းနည်းလမ်းသာ ကျန်ရှိတော့တဲ့ သူ့လေကြောင်း အားသာချက်ကို တရစပ်သုံးပြီး အရပ်သားပစ်မှတ်မချန်၊ ခုနောက်ဆုံး အပြစ်မဲ့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ် စာသင်ကျောင်းတွေကိုပါ အထင်ကရ ပစ်မှတ်ထားပြီး နေ့စဉ်ရက်ဆက်လို ပတ်မကြီးထိုးဖောက် တန်ပြန်ဗုံးကြဲ တိုက်ခိုက်နေတာက ရန်သူရဲ့ စိတ်ဂဏ္ဍာမငြိမ် ကစဉ့်ကလျားဖြစ်မှုကို အထင်းသား ဖော်ညွှန်းနေပါတယ်။ အမှန်ကတော့ ရန်သူဟာ မီးဇာကုန်ဆီခမ်းကာနီး နောက်ဆုံးအချိန် အစွမ်းကုန် လောင်မြိုက်ပြနေတာမျိုး ဖြစ်ပါတယ်။

ခုလိုအချိန်ကာလမှာ လက်နက်စွဲကိုင်ပြီး စစ်သုံးစစ် အပြီးတိုင်ဖျက်သိမ်းရေး၊ အာဏာရှင်မှန်သမျှ အမြစ်ဖြုတ်ရေး တိုက်ပွဲဝင်ဆင်နွှဲနေတဲ့ အမျိုးသားလက်နက်ကိုင်တပ်ဖွဲ့များဟာ ဗမာပြည်တော်လှန်ရေးသမိုင်း အတွေ့အကြုံ သင်ခန်းစာများကို ထောက်ရှုကိုးကား ထိထိမိမိ အဖြေထုတ်ယူပြီး စစ်လက်ဝါးကြီးအုပ်ဗျူရိုကရက်အရင်းရှင်အုပ်စု- ဖက်ဆစ်တပ်ကို မြန်မာ့မြေရေလေ ပိုင်နက်အဝန်းကနေ အပြီးတိုင်သုတ်သင်မောင်းထုတ်ပစ်ဖို့ရာမှာ ရန်သူအကြောက်ဆုံး၊ ဒူးအတုန်ဆုံးဖြစ်မယ့် ကျယ်ပြန့်တဲ့ တပ်ပေါင်းစုကို သမိုင်းလိုအပ်ချက် အခွင့်အခါကောင်းအဖြစ် အမိအရဆုပ်ကိုင် အလျင်အမြန် စုစည်းထူထောင်ပြီး၊ သံပူတုန်းနာနာနှက်ဆိုသလို တော်လှန်ရေးအောင်ပွဲကို တပြိုင်နက်တည်း အမိအရ တိုက်ယူကြဖို့ ဖြစ်ပါတယ်။

တချိန်တည်းမှာ အခြားအမျိုးသားအားလုံးကို မြန်မာအမျိုးသားနဲ့ တကယ်တန်း တန်းတူအခွင့်အရေးပေးတဲ့ မူအပေါ်မှာ အခြေခံပြီး လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်ကြရမှာ ဖြစ်တယ်။ တိုင်းပြည်တပြည်မှာ လူဦးရေအများဆုံးဖြစ်တဲ့ အမျိုးသားမလွတ်မြောက်ရင် တခြားအမျိုးသားများလည်း မလွတ်မြောက်နိုင်ပါဘူး။ ထို့တူပဲ တခြားအမျိုးသားတွေ မလွတ်မြောက်လို့ရှိရင်လည်း အဲဒီ လူဦးရေအများဆုံးဖြစ်တဲ့ အမျိုးသားလည်း မလွတ်မြောက်နိုင်ဘူး ဆိုတဲ့အချက်ကို အမြော်အမြင်ရှိရှိ ရင်ခွင်ကျယ်ကျယ်နဲ့ ခံယူပြီး တော်လှန်ရေးဒီရေမြင့်သစ်ကို တခုတ်တရ အားချင်းဖော်ဆောင်ကြရင်ဖြင့် ဖက်ဆစ်စစ်အာဏာရှင်စနစ် ယန္တရားကြီးတခုလုံးဟာ အချိန်တိုလေးအတွင်း သွက်ချာပါဒလိုက်၊ ဒယိမ်းဒယိုင် ဒရောသောပါးနဲ့ ခွေးပြေးဝက်ပြေး အစအနမကျန် တစစီ ပြိုကျပျက်စီး အမြစ်ပြတ်ဆိတ်သုဉ်း ပျောက်ကွယ်သွားလိမ့်မယ်ဆိုတာ ဧကန်မလွဲပါပဲ။ ။

■■■

**မင်းညီ**

**အဖိနှိပ်ခံ တိုင်းရင်းသားပေါင်းစုံပြည်သူလူထုကြီးရဲ့ ၂၀၂၁ ပြည်သူ့လက်နက်ကိုင်တော်လှန်ရေး မုချအောင်ရမယ်။**



# မောင်ဖိုးစီ

## လွန်းသောက်အိမ်

ဖိုးစီဆိုရင် ရွာထဲက လူတော်တော်များ သိကြတယ်။ ဖိုးစီက ဒီဘက်ခေတ်ကာလမှာ တွေ့ရခဲတဲ့ သျှောင်ပေစူးနဲ့ ဗိုက်ပူနံကား ကလေးတယောက်ပါ။ မိုးလင်း နေထွက်ချိန်ကနေ ညီအစ်ကိုမသိတသိ အချိန်အထိ ရွာရိုးကိုးပေါက်လျှောက်ပြီး လှည့်ပတ်ကစားနေတတ်တယ်။ ၄ တန်းအထိပဲ ကျောင်းနေဖူးခဲ့တယ်။ သေစာရှင်စာ ဖတ်တတ်ပြီး ကိုယ့်နာမည် ကိုယ်ရေးတတ်တဲ့အထိ ဖိုးစီ စာဖတ်တတ်တယ်။ ရွာအရှေ့ပိုင်းက ဖိုးစီရဲ့သူငယ်ချင်း ကျော်ကျော်ဗိုလ် ဆိုရင် သူ့နာမည်တောင် သူမရေးတတ်ဘဲ ပညာရေး ဆုံးခန်းတိုင်သွားတယ်။ ဘာကြောင့်လဲဆိုတော့ ရွာမှာ ကျောင်းတွေ ပိတ်ထားတာ ၃ နှစ်ရှိခဲ့ပြီ။ ကိုဗစ်ကာလ၊ စစ်တပ်က အာဏာသိမ်းတဲ့ကာလနဲ့ အာဏာသိမ်းပြီးနောက်ပိုင်း ရွာထဲကို စစ်တပ်က စစ်ကြောင်းထိုးလာပြီး ရွာသားတွေကို ဖမ်းဆီး ရိုက်နှက်၊ မီးရှို့တာမို့ ဖိုးစီတို့ရွာမှာ ကျောင်းမရှိတာ ကြာခဲ့ပြီ။

စစ်ကြောင်းထိုးလာပြီလို့ သတင်းကြားတာနဲ့ ရွာအနောက်က ရိုးမပေါ် တက်ပြေးပြီး ပုန်းရတာက ဖိုးစီတို့ ရွာသားတွေအဖို့ မထူးဆန်းတော့ပါဘူး။ အသက်မသေဖို့အရေး ဦးစားပေးပြီး ရှိသမျှ ပစ်ချ၊ လွှတ်ချခဲ့ရ၊ ရှောင်ရ ပုန်းကြရတယ်။ အရင်က အိမ်ခြေ ၃၀၀ ကျော်ရှိတဲ့ ရွာတန်းရှည်ကြီးဟာ အခုဆို အိမ်ခြေ ၁၀၀ ကျော်ပဲ ကျန်ခဲ့တော့တယ်။ မနှစ်က ပြာသိုလဆုတ် ၂ ရက်နေ့မှာ ရွာထဲကို လက်နက်ကြီးကျတော့ အိမ်ခြေ ၅ လုံး ပျက်စီးပြီး လူအသေအပျောက်လည်း ရှိခဲ့တယ်။ ဒီလို စစ်ကြောင်းထိုးပြီဆိုတာနဲ့ ဖိုးစီက သူ့အမေနဲ့ ရိုးမတောင်ပေါ် တက်ပြေးရတယ်။ ဒီလိုရက်မျိုးတွေဆို ဖိုးစီတို့ ထမင်းငတ်ကြတယ်။ "အုန်း" "အုန်း" ဆိုတဲ့ လက်နက်ကြီးသံ၊ သေနတ်သံတွေက ဖိုးစီကြည့်ဖူးတဲ့ ရုပ်ရှင်ကားတွေထဲကထက် ပိုကြောက်ဖို့ ကောင်းခဲ့တယ်။ အဖေကတော့ ဖိုးစီ ၆ နှစ်သားကတည်းက ဆုံးပါးသွားခဲ့တာ။ စစ်တပ်ကိုကြောက်လို့ ဒီလိုမျိုး ပြေးရချိန်မှာ ဆုံးပါးသွားပြီဖြစ်တဲ့ အဖေနဲ့ မြို့ကစက်ရုံမှာ အလုပ်လုပ်နေတဲ့ တဦးတည်းသော အမကို ဖိုးစီ သတိရမိတယ်။ မမသာ ဘေးမှာရှိနေရင် စိတ်သက်သာရာ ရနိုင်တယ်ဆိုတာ ဖိုးစီသိတယ်။ ရိုးမတောရဲ့ လှိုဏ်မြောင်ထဲ အိပ်ရတဲ့ ညတွေ၊ လက်နက်ကြီးသံတွေရဲ့ ကြားထဲမှာ အမေ့ရင်ခွင်ထဲနေပြီး မမ ပြောပြတဲ့ ပုံပြင်တွေသာ နားထောင်ရမယ်ဆိုရင် သူ့အတွက် အားအင်တွေရှိပြီး အရမ်းကြောက်ရမှာ မဟုတ်ဘူး။ ရွာကို

မီးလာလာရှို့ပြီး ရွာထဲ ဝင်ဝင်လာတဲ့ စစ်သားတွေ အမြဲ မေးတတ်တဲ့ "PDF တွေ ဘယ်အိမ်မှာလဲ"၊ "သူတို့စခန်းကို လိုက်ပြ" ဆိုတဲ့ စကားတွေကိုလည်း ဖိုးစီ နားမလည်နိုင်ပါ။ ရွာမှာမရှိတဲ့သူတွေကို လိုက်မေးတဲ့အခါ "မသိဘူး၊ မရှိဘူး"လို့ ပြောရင် ဖမ်းဆီးခေါ်ဆောင်သွားတာလည်း ခနခန ကြားရတယ်။ စစ်သားတွေ ဖမ်းသွားတဲ့ ရွာသားတွေထဲက တယောက်မှ ရွာကို ပြန်ရောက်လာတာ မတွေ့ဖူးပါ။ ဒါကြောင့် ဖိုးစီတို့ ငယ်ငယ်က ညအိပ်ရာဝင်ရင် မမပြောပြတဲ့ ဒေဝေါကြီး၊ လက်မည်းကြီးဆိုတဲ့ ပုံပြင်တွေထဲက ဇာတ်ကောင်တွေထက် ရွာထဲဝင်လာတဲ့ စစ်သားတွေကို ဖိုးစီ ပိုကြောက်ခဲ့တယ်။

ဒီနှစ်တော့ ဖိုးစီတို့ရွာရဲ့ အနောက်ခြမ်းကရွာမှာ ကြားကာလ ဖက်ဒရယ်ပညာရေးကျောင်းဆိုပြီး ကျောင်းတကျောင်းဖွင့်တယ်လို့ အမေပြောသံ ကြားရတယ်။ ဖိုးစီ အဲဒီကျောင်းကို တက်ချင်တယ်။ စာသင်ချင်တယ်။ ရွာရဲ့ စာသင်ကျောင်းက လက်နက်ကြီးကြောင့် ပြာပုံအတိ ဖြစ်နေခဲ့ပြီ။ ဘယ်သူမှလည်း ပြန်မဆောက်နိုင်ခဲ့။ ဖိုးစီ စာသင်ချင်ရတဲ့ အကြောင်းအရင်းက ပညာတတ်ကြီး ဖြစ်ချင်တယ်။ ပညာတတ်ရင် မမ အလုပ်လုပ်နေတဲ့ စက်ရုံကို လိုက်သွားနိုင်မယ်။ ၅ တန်းအထိပဲ ကျောင်းတက်ခဲ့တဲ့ မမက တလကို လစာ တသိန်းနှစ်သောင်း ရတယ်။ မေမေနဲ့ မမ ပြောနေတဲ့ ညဆိုင်း ဆိုတာမျိုး၊ စက်ရုံမှာ ညဘက် ထပ်အလုပ်လုပ်ရင် တလကို နှစ်သိန်းနီးပါး ရတယ်။ ဖိုးစီရဲ့အတွေးက ဟိုဘက်ရွာက ကျောင်းကိုတက်ပြီး ပညာတတ်ကြီးဖြစ်ရင် မမရှိတဲ့ အထည်ချုပ်စက်ရုံကို လိုက်သွားမယ်။ ၅ တန်းအထိပဲ တက်ခဲ့တဲ့ မမက လစာ တသိန်းနှစ်သောင်း ရရင် ပညာတတ်ကြီးဖြစ်တဲ့ သူက မမထက်ပိုပြီး ပိုက်ဆံရှာနိုင်မယ်လို့ တွေးတယ်။ ဒါဆိုရင် မမကို စက်ရုံကနေ အနားယူခိုင်းပြီး သူအလုပ်လုပ်ကျွေးမယ်။ ဒါကြောင့် ဖိုးစီ ကျောင်းတက်ချင် တယ်။ ပညာတတ်ကြီး ဖြစ်ချင်တယ်။ သင်္ကြန်ပိတ်ရက် မမ ပြန်လာတုန်းက မျက်နှာမကောင်းတာ တွေ့ရတယ်။ အရမ်းလည်း ပိန်သွားတယ်။ ဘာကြောင့် မျက်နှာမကောင်းလဲတော့ ဖိုးစီ မသိ။ မေမေကလည်း မပြောပြ။ မမပြန်တဲ့နေ့မှာ ရွာထိပ်ကို လိုက်ပို့တုန်းကတော့ "ဖိုးစီ....လိမ္မာနော်၊ တနေ့တနေ့ လျှောက်သွား မနေနဲ့ .. မေမေ့ကို ဂရုစိုက်၊ မမ သိပ်မကြာခင် ပြန်လာခဲ့မယ်" လို့ နှုတ်ဆက်ခဲ့တာကိုတော့ ကောင်းကောင်း ကြီး မှတ်မိတယ်။

မမပြန်လာရင် ဖိုးစီအတွက် ပိုပြီး ပျော်ဖို့ကောင်းမှာတော့ အမှန်ပဲ။ သူ့အတွက် အားကိုးဖော်ရှိလာမှာ။ မမပြန်မလာသေးရင်လည်း သူကျောင်းတက် ပညာတတ်ကြီးလုပ်ပြီး မမရှိတဲ့ စက်ရုံကို လိုက်သွားမယ်။ ပြီးတော့ မမကို အိမ်မှာ အနားယူခိုင်းမယ်လို့ ဖိုးစီတွေးတယ်။ ဒီလိုအတွေးတွေနဲ့ပဲ ရွာအနောက်ဘက်ခြမ်းက ကျောင်းကို ဖိုးစီ ရောက်လာပြီး ကျောင်းတက်နေခဲ့တယ်။ စာသင်ရတာကို ဖိုးစီပျော်တယ်။ တလမှာ တခါလောက် "စစ်ဘေးရှောင်များအတွက် ထမင်းအလှူ"ဆိုပြီး အိုးကြီးကြီးတွေနဲ့ အသားဟင်းနဲ့ ထမင်းကျွေး တယ်။ ဒီနေ့လည်း ကျောင်းမှာ အလှူရှိတယ်။ အမဲသားဟင်း၊ ပဲဟင်းနဲ့ ကျွေးမယ်လို့ ကြားရတယ်။ မိုးဖြဲဒယ်အိုးနဲ့အပြည့် ချက်ထားတဲ့ အမဲသားဟင်းက ဖိုးစီတို့ စာသင်တာကို လုံးဝ အနှောက်အယှက် ပေးနေတယ်။ ဟင်းရဲ့ မွှေးရနံ့က တကျောင်းလုံးကို ပျံ့နှံ့နေတယ်။ သူ့သူငယ်ချင်း ကျော်ကျော်ဖိုလ်တို့ အုပ်စုဆိုရင် ပန်းကန်တကိုင်ကိုင် ဖြစ်နေကြပြီ။ ထမင်းစားချိန်ရောက်တော့ အမဲသားတုံးက ဖိုးစီရဲ့ လက်သီး ဆုပ်နီးပါး ရှိတယ်။ အမဲသားတုံးတဝက်ကိုပဲစားပြီး ကျန်တဝက်ကို အိမ်ပြန်သယ်မယ်။ မေမေလည်း အမဲသားစားချင်မှာပဲလို့ သူတွေးနေခဲ့တယ်။ ထမင်းစားပြီးချိန်မှာ စိတ်ကူးတဲ့အတိုင်း အမဲသားတုံးတဝက်ကို ကျွတ်ကျွတ်အိတ်လေးနဲ့ထုပ်ပြီး လွယ်အိတ်ထဲ ထည့်ထားခဲ့တယ်။ နေ့လည် စာပြန်သင်ချိန်ရောက်တော့ လွယ်အိတ်လေးတကြည့်ကြည့်နဲ့ အိမ်ပြန်ချင်လှပြီ။

ကျောင်းဆင်းဖို့ ကွမ်းတယာညက်လောက်အလိုမှာပဲ ဖိုးစီရဲ့နားထဲ ကောင်းကင်က မိုးခြိမ်းသံလို အသံတသံ ဝင်လာခဲ့တယ်။ ဒီအသံကို ဖိုးစီ ကောင်းကောင်းကြီး သိတယ်။ တဆက်တည်းမှာ သူငယ်ချင်းတွေနဲ့ ဆရာမတွေရဲ့ အချက်ပေး အော်ဟစ်သံတွေနဲ့အတူ ကျောင်းရှေ့က ဗုံးခိုကျင်းထဲ ဖိုးစီတို့ ဂျွမ်းထိုးဝင်ရတော့မှာ ဖြစ်တယ်။ ဒီ မိုးခြိမ်းသံလို အသံဟာ စစ်တပ်က စာသင်ကျောင်းရှိရာတွေကို ဗုံးလာကြဲတာ။ ဖိုးစီတို့ ပြေးကြရတယ်။ "အကုန်ထွက်... အကုန်ထွက်... မြန်မြန်ဝပ်... လာနေပြီ" ဆိုတဲ့ အသံတွေ ကြားနေရတယ်။ ငယ်ငယ်က မမ ပြောပြခဲ့ဖူးတဲ့ ဒေဝေါ်ဆိုတဲ့ အကောင်ကြီးလို ကောင်းကင်မှာ ဝဲနေပြီဆိုတာ မော့ကြည့်စရာမလိုဘဲ ဖိုးစီ သိနေခဲ့ပြီ။ သူပြေးတာ နောက်ကျရင် သူတို့ရွာက လက်နက်ကြီးထိတဲ့ ရွာသားတွေလိုမျိုး ခြေပြတ် လက်ပြတ် ခေါင်းပြတ် သေရမယ်ဆိုတာ သိနေခဲ့တယ်။ ဖိုးစီ ရင်ဘတ်တခုလုံး ဖားဖိုကြီးတခုလို ပိန်လိုက် ဖောင်းလိုက်နဲ့ ကြောက်ကြောက်လန့်လန့် ပြေးနေရတယ်။ ကျော်ကျော်ဗိုလ်က ဖိုးစီရှေ့က ပြေးနေတယ်။ ဗုံးခိုကျင်းထဲရောက်ဖို့ ခြေလှမ်း ၃ လှမ်းလောက်အလိုမှာ ဖိုးစီ သတိရသွားတယ်။ "အမဲသား ....အမဲသား... ငါ့အမေအတွက် အမဲသား... မမ ဝယ်လာပေးတဲ့ လွယ်အိတ်... နှစ်ခုစလုံး ကျောင်းဝန်းထဲမှာ ကျန်ခဲ့ပြီ။" ဖိုးစီ ဖျတ်ခနဲ ပြန်လှည့်ယူဖို့ လုပ်ပြီ။ အနောက်ကနေ ဆရာမလေးတို့ရဲ့ "ဖိုးစီ.. ပြန်လာခဲ့ နီးနေပြီ...သေကုန်တော့မှာပဲ.. ဖိုးစီရေ မြန်မြန်လာ" ဆိုပြီး အော်ခေါ်တဲ့ အသံတွေ ဖိုးစီ မကြား။ မိုးပေါ်က ဒေဝေါ်ကြီးထက် ကြောက်ဖို့ကောင်းတဲ့ တိုက်လေယာဉ် အသံကို ဖိုးစီ မမှုတော့ပဲ "မမ ဝယ်ပေးတဲ့လွယ်အိတ်" "မေမေ့အတွက် ချန်ထားတဲ့အမဲသား" ဖိုးစီ ကျောင်းရှိရာဆီသို့ ပြေးရင်း၊ ပြေးရင်း "အုန်း" ဆိုတဲ့ အသံကြီးရဲ့နောက် ဖိုးစီတယောက် လေပေါ် မြောက်တက်သွားခဲ့တယ်။ ဖိုးစီကို အနောက်ကနေ လိုက်ဆွဲတဲ့ ဆရာမလေးလည်း ဖိုးစီနဲ့အတူ လေထဲ မြောက်တက်သွားခဲ့တော့တယ်။ မီးခိုးလုံးကြီးတွေ၊ ကလေးတွေရဲ့ အော်သံတွေ၊ ပေါက်ကွဲသံကြီးတွေ ကမ္ဘာပျက်သလို ကြားနေကြရပြီးနောက်မှာတော့ ပတ်ဝန်းကျင်ကလူတွေ ပြန်ထွက်လာကြတယ်။

ဖိုးစီရဲ့ သူငယ်ချင်း ကျော်ကျော်ဗိုလ်တို့ ဗုံးခိုကျင်းက ပြန်ထွက်လာချိန်မှာ ဖိုးစီကို လိုက်ရှာကြတယ်။ ဗုံးခိုကျင်းက ပြန်ပြေးထွက်ပြီးနောက်ပိုင်းမှာ ဖိုးစီကို အခုချိန်ထိ ရှာလို့မတွေ့ခဲ့။ ဖိုးစီသွားယူတဲ့ လွတ်အိတ်ကို ကျောင်းရဲ့ အပျက်အစီးပုံကြားထဲမှာ ပြန်တွေ့တယ်။ အမေ့အတွက် ဖိုးစီဖယ်ထားတဲ့ အမဲသားတုံးလေးက ကျွတ်ကျွတ်အိတ်ကြားထဲ ထမင်းလုံးနည်းနည်းနဲ့ ဖုန်တွေသဲတွေကပ်ပြီး လွယ်အိတ်ထဲက ထွက်ကျနေတယ်။ "ဖိုးစီရေ.. ဖိုးစီရေ.." ကျော်ကျော်ဗိုလ် အော်ခေါ်ပေမယ့် ဘာသံမှ မကြား။ ပဋ္ဌမတန်းဖတ်စာအုပ်ပေါ်မှာ "မောင်ဖိုးစီ"လို့ ရေးထားတဲ့ စာအုပ်လေးက မြေကြီးပေါ်မှာ သွေးတွေပေကျံပြီး ပိုင်ရှင်မဲ့ ကျန်ရစ်နေခဲ့တယ်။ ကျော်ကျော်ဗိုလ် စာအုပ်လေးကို ကောက်ကိုင်ပြီး ဟိုကြည့်ဒီကြည့် ရှာရင်း သူ့ခြေထောက်ရှေ့ကို ငှက်တကောင်လို အရာတခု အပင်ပေါ်ကနေ ပြုတ်ကျလာတယ်။ ငှက်ထင်ပြီး ငုံ့အကြည့် ဖိုးစီရဲ့ အမှတ်သင်္ကေတတခုဖြစ်တဲ့ ကြက်တောင်စည်း ဆံပင်ကေနဲ့ ဦးရေပြားတခု ဖြစ်နေတာ တွေ့လိုက်ရတယ်။

စာသင်ချင်တဲ့ ဖိုးစီ၊ စာတတ်ချင်တဲ့ ဖိုးစီ၊ အထည်ချုပ်စက်ရုံက မမနောက်ကိုလိုက်ပြီး အလုပ်တွေ လုပ်ချင်တဲ့ ဖိုးစီ၊ မေမေ့ကို အမဲသားပြန်ကျွေးချင်တဲ့ ဖိုးစီ၊ ပုံပြင်တွေ ကြိုက်တတ်လွန်းတဲ့ ဖိုးစီ.... ။ ဖိုးစီ ဒီနေ့ အိမ်မပြန်နိုင်တော့ပါ။ ကောင်းကင်ပေါ်ကို မြောက်တက်သွားတဲ့ ဖိုးစီ၊ အခုလောက်ဆို တယောက်တည်းမို့ ပိုကြောက်နေရှာမလား။ ဖိုးစီကြိုက်တဲ့ အမဲသားတုံးလေးတဝက်ကို ယူပြီး အိမ်ပြန်နေမလား ဘယ်သူမှ မသိနိုင်တော့ပါ။

**လွန်းသောက်အိမ်**

■■■

# မမေ့နဲ့

ရှင်သူမှာ အသက်ရှူကြပ်ပြီး သေသူမှာ အသက်ရှူရပ်ရ
ကမ္ဘာကြီးက နေစိမ့်လွန်းတယ်။
ငြိမ်းချမ်းပါစေ ကလေးငယ်တို့ရေ - RIP ပါ။
ဒီပဲယင်း မမေ့နဲ့၊ ပဇီကြီးကိုလည်း မမေ့နဲ့
ကျုံဒိုးလည်း မမေ့နဲ့၊ ကရင်နီလည်း မမေ့နဲ့
ဘယ်ဒေသကိုမှ မမေ့နဲ့။
ရန်သူကိုလည်း မမေ့နဲ့၊ ချစ်သူကိုလည်း မမေ့နဲ့
ငါတို့နိုင်ရင် တရားစီရင်ဖို့ မမေ့နဲ့
မမေ့နဲ့ မမေ့နဲ့ မမေ့ကြနဲ့။
စေ့စပ်ရေးပြောနေသူတွေ ကြည့်
မျက်လုံးတွေကို သေချာ ဖွင့်ကြည့်ကြ
မင်းတို့ စေ့စပ်ချင်နေတဲ့ စစ်ဘီလူးတွေက
တိုင်းပြည်ရဲ့ ချစ်စရာ့ရတနာတွေကို
အရှင်လတ်လတ် မီးလောင်တိုက်သွင်းနေကြတယ်။
ရန်သူနဲ့ စေ့စပ်ချင်တာဟာ
ရန်သူနဲ့ အလိုတူအလိုပါပဲလို့ အဓိပ္ပါယ်ရတယ်။
မမေ့နဲ့ မမေ့ကြနဲ့၊
ရန်သူကို ဘယ်တော့မှ မမေ့ကြနဲ့။ ။




**လင်းသူ**

၁၂၊ ၅၊ ၂၀၂၅။

(ဒီပဲယင်း ခံစားမှု)




# ရန်သူကို လျှော့မတွက်ပါနဲ့

ခင်စုစုဇင်

မြန်မာပြည်ရဲ့ သမိုင်းကို ပြောရမယ်ဆိုရင် ဖက်ဆစ်စစ်တပ်က အာဏာရူးပြီး ရမ်းကားခဲ့တာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပါပြီ။ ဖက်ဆစ်တပ်ရဲ့သမိုင်း ကောင်းခဲ့တယ်ဆိုတာ သမိုင်းမှာ မရှိခဲ့ပါဘူး။ ပြည်သူတွေကို ပစ်ခတ်သတ်ဖြတ်ခဲ့တာချည်းပါပဲ။ ၁၉၅၈ မှာလည်း ဖက်ဆစ်တပ်ဟာ သူ့ရဲ့အစွယ်ကို ထုတ်ပြခဲ့ပါတယ်။ ၁၉၆၂ စစ်အာဏာသိမ်းပြီးတဲ့ အခါကျတော့ စစ်တပ်ရဲ့ ဖက်ဆစ်သန္ဓေဟာ ပိုပြီး ရင့်သန်လာခဲ့တယ်။ သမိုင်းမှာရော ခုအချိန်မှာပါ စစ်တပ်ရဲ့ကျေးဇူးကို လိုက်ရှာရင် ကျမတို့ရဲ့လူပြည်လူ့ရွာမှာ ရှာလို့မတွေ့ပါဘူး။ ဒါကြောင့်လည်း "အမောင်တို့ မှတ်ထားကြကွဲ့ စစ်တပ်ရဲ့ကျေးဇူး မူးလို့တောင် ရှူစရာမရှိဘူး" ဆိုတဲ့ ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်ရဲ့စကားကို ပြန်ပြီး အမှတ်ရမိတယ်။

စစ်တပ်ဟာ ၁၉၆၂၊ ၇၄- ၇၅- ၇၆ ကာလတွေမှာ တော်လှန်တဲ့ လူမျိုးစုံပြည်သူလူထုကို နည်းမျိုးစုံနဲ့ ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ပါတယ်။ အဲ့ဒါပြီးတော့ ၁၉၈၈ လူထုဒီမိုကရေစီအရေးတော်ပုံကြီးမှာလည်း ကျောင်းသားခေါင်းဆောင် လူငယ်တွေအပါအဝင် ပြည်သူလူထုကို ထပ်ပြီးတော့ ညှင်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့တယ်။ ၉၆၊ ၉၈၊ ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေးတွေမှာလည်း ရဟန်းသံဃာတော်တွေရော ပြည်သူလူထုကိုပါ ဖမ်းဆီးသတ်ဖြတ်ခဲ့ပြန်တယ်။ ဖက်ဆစ်ခေါင်းကိုင် ဗိုလ်နေဝင်းဟာ ဖက်ဆစ်သန္ဓေယုတ်ကို အမွေချန်ထားခဲ့ပါတယ်။ ဗိုလ်နေဝင်းကို ဆက်ခံကြတဲ့ စိန်လွင်၊ စောမောင်၊ သန်းရွှေ၊ ခင်ညွန့်၊ မင်းအောင်လှိုင်တို့ဟာလည်း ဖက်ဆစ်စစ်အာဏာရှင်စနစ်ကို ဆက်လက်စွဲကိုင်ခဲ့ကြတယ်။။

အခုလက်ရှိ ၂၀၂၁ နွေဦးတော်လှန်ရေးမှာလည်း ဖက်ဆစ်တပ်ဟာ လူငယ်လူရွယ်၊ သက်ကြီးရွယ်အိုတွေ၊ အမျိုးသမီးတွေနဲ့ ကလေးတွေပါမကျန် မီးရှို့ ဖမ်းဆီးသတ်ဖြတ် နှိပ်စက်ပါတယ်။ လက်ရှိမှာဆိုရင် လူနေအိမ်ပေါင်း ၁ သိန်းကျော် မီးရှို့ဖျက်ဆီးခံခဲ့ရတယ်။ ဘုရားကျောင်းနဲ့ ဘုန်းကြီးကျောင်းတွေပါမချန် မီးရှို့တယ်။ စာသင်ကျောင်းတွေ၊ ဆေးရုံတွေကိုလည်း ဗုံးကြဲတိုက်ခိုက်နေတယ်။ ဖက်စစ်တပ်မှာ လူအင်အားနည်းလာတဲ့ အခါကျတော့ စစ်မှုထမ်းဥပဒေဆိုတာကို အသက်သွင်းလာတယ်။ လူငယ်လူရွယ်တွေကို လူသားဒိုင်းလုပ်ပြီး သူတို့ရဲ့စစ်ပွဲတွေဆီ တွန်းပို့ခဲ့တယ်။ စစ်ရာဇဝတ်မှုများစွာကို နေ့စဉ်နဲ့အမျှ ကျူးလွန်နေကြတယ်။

၂၀၂၁ ခွေဦးတော်လှန်ရေးမှာ ပြည်သူလူထုဟာ စစ်ဖိနှပ်အောက်မှာ အညံ့မခံဘဲ အာဏာရှင်ဖက်ဆစ်စစ်တပ်ကို နည်းမျိုးစုံနဲ့ ရရာလက်နက်စွဲကိုင်ပြီး တော်လှန်ခဲ့ကြတယ်။ မြို့ပြနဲ့ ကျေးလက်ပါမကျန် ဖက်ဆစ်စစ်တပ်ကို တွန်းလှန်ခဲ့ကြတာဟာ အခုဆိုရင် ၄ နှစ်ကျော် ကြာခဲ့ပါပြီ။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးတပ်ဖွဲ့တွေအနေနဲ့ ၁၀၂၇ တို့လို စစ်ဆင်ရေးတွေ ဖော်ဆောင်နိုင်ခဲ့တယ်။ ချင်း၊ ကချင်စတဲ့ တော်လှန်ရေးတပ်ဖွဲ့တွေရဲ့ စစ်ဆင်ရေးတွေက ဆက်ဆစ်စစ်တပ်ကို အလဲလဲအပြိုပြို ဖြစ်စေခဲ့တယ်။ ရခိုင်ဘက် AA ကို ကြည့်ရင်လည်း စစ်ဆင်ရေးတွေ ဖော်ဆောင်ပြီး နယ်မြေတွေ သိမ်းပိုက်နိုင်လို့ စကစတွေဟာ ခြစည်းကျော်ပြီး ထွက်ပြေးခဲ့ကြရတယ်။  ကရင်၊ ကရင်နီနယ်ဘက်မှာလည်း ဖက်ဆစ်စစ်တပ်တွေ အတုံးအရုံး သေပွဲဝင်ခဲ့ရတယ်။ ပြည်သူ့ကာကွယ်ရေးတပ်ပေါင်းစုံကလည်း တတိုင်းပြည်လုံးအနှံ့မှာ တိုက်ပွဲတွေ ဖော်ဆောင်ကြတယ်။ အခုလက်ရှိ သိမ်းပိုက်ထားတာဆိုရင် မြို့ပေါင်း ၁၀၀ ကျော် ရှိနေပါပြီ။ တိုင်းစစ်ဌာနချုပ် တွေဖြစ်တဲ့ ရမခ၊ နပခတို့ကိုပါ သိမ်းနိုင်ခဲ့တယ်။ စစ်စခန်းပေါင်း ၃၀၀ ကျော်ကိုလည်း မဟာမိတ်တွေနဲ့ အတူ သိမ်းပိုက်နိုင်ခဲ့ပါတယ်။ နယ်စပ်ဒေသအများစုကိုလည်း တိုင်းရင်းသားတပ်တွေ သိမ်းပိုက်ထားနိုင်ပါတယ်။

အခုလက်ရှိ ကျမတို့ နိုင်ငံရေးအခင်းအကျင်းကို ကြည့်မယ်ဆိုရင် တော်လှန်ရေးဘက်က သံတမန်ရေး အားနည်းနေတယ်လို့ ရှုမြင်မိပါတယ်။ ကျမအမြင် လွဲကောင်းလွဲနိုင်ပါတယ်။ ဒါပေမယ့် တကယ့်အခင်းအကျင်းက အဲ့လို ဖြစ်နေတယ်။ ကျမတို့ရဲ့ အင်အားစုတွေဘက်မှာ တကယ့်နိုင်ငံကြီးတွေက ထဲထဲဝင်ဝင် ရပ်တည်နေတာမျိုး မတွေ့ရဘူး။ နိုင်ငံတကာရဲ့ ထောက်ခံမှု၊ အားပေးမှုကို မျှော်လင့်တာတော့ မဟုတ်ပေမယ့် သံတမန်ရေးအရ ဒါက လိုအပ်ပါတယ်။ လိုအပ်ချက်ကို ဖြည့်နိုင်ဖို့လည်း လိုပါတယ်။ ကျမတို့အင်အားစုတွေရဲ့ စစ်ရေးဘက်ကို ကြည့်မယ်ဆိုရင် အရင်တုန်းကထက် အားသာချက်တွေ အများကြီးရှိလာတာ တွေ့ရတယ်။ ဒါက ကောင်းတဲ့အချက် ဖြစ်တယ်။ အားနည်းနေတာတခုကတော့ တပ်ပေါင်းစုသဏ္ဍာန် ဖြစ်မနေသေးတာပဲ။ ကျမတို့အင်အားစုတွေက ဘုံရန်သူတော့ တူတယ်၊ ဒါပေမယ့် အတွေးအမြင်တွေ၊ အယူအဆတွေ ကွဲလွဲနေသေးတယ်။ ဒါက ပြဿနာမရှိပါဘူး။  အတွင်းပဋိပက္ခတွေက ကိုယ့်အင်အားစုတွေအချင်းချင်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းလို့ရတဲ့ အခြေအနေဆိုတာ ဖြစ်လာမှာပါ။ အဓိကက ဘုံရန်သူစစ်စစ်ကို တိုက်ဖို့ပဲ လိုတာပါ။





စစ်ကောင်စီဘက်ကို ကြည့်မယ်ဆိုရင် သူ့ရဲ့သံတမန်ရေးက ကျမတို့ တော်လှန်ရေးအင်အားစုတွေထက် သံတမန်ရေးပိုကောင်းနေတယ်လို့ မြင်မိတယ်။ လက်ရှိမှာ စကစက ထိုင်းနဲ့တွေ့တာ ရှိတယ်။ အိန္ဒိယနဲ့လည်း သူအဆင်ပြေတယ်။ တရုတ်ကိုလည်း တော်လှန်ရေးအင်အားစုတွေကို ဖိအားပေးဖို့တိုက်တွန်းတာတွေ တွေ့ရတယ်။ စကစက သူ့လုပ်ရမယ့်ကိစ္စတွေကို စဉ်ဆက်မပြတ်လုပ်နေတာ တွေ့ရတယ်။ သူက သူ့အလုပ် သူလုပ်တယ်။ အခုဆိုရင် ရွေးကောက်ပွဲကို ဒီဇင်ဘာလို့ ပြောနေတယ်။ ကျမအမြင်တော့ ရွေးကောက်ပွဲကို လုပ်ဖြစ်အောင်လုပ်မယ်လို့ မြင်တယ်။ ဒါမှ နိုင်ငံတကာကို သူချပြလို့ရမှာ။ မတ်လ ၂၈ ရက်နေ့မှာ စစ်ကိုင်းငလျင်ကြီးလှုပ်သွားတာကို အကြောင်းပြုပြီး စကစက နိုင်ငံတကာအချိတ်အဆက်တွေ ရလာတယ်။ ကူပေးပါ၊ လှူပေးပါဆိုပြီး တောင်းခံတယ်။ နိုင်ငံတကာကလည်း ကူကြ၊ လှူကြတယ်။ ဒါတွေကို တရားဝင်ချပြတာမျိုး မရှိပါဘူး။ ပြောချင်တာက နိုင်ငံတကာနဲ့ ဆက်ဆံရေးကို ပြောချင်တာပါ။ ငလျင်ကို အကြောင်းပြုပြီး သူ့ရဲ့ဆက်ဆံရေးတွေ လက်တံရှည်လာတယ်လို့ မြင်မိတယ်။ လက်တံရှည်လာတာနဲ့အမျှ ကျမတို့က ပိုပြီး သတိထားဖို့ လိုပါတယ်။ ဖက်ဆစ်စစ်တပ်ကို လျှော့မတွက်ကြပါနဲ့လို့ သတိပေးတိုက်တွန်းချင်ပါတယ်။

ကိုယ့်အင်အားစုတွေဘက်မှာ လက်လှမ်းမီသမျှ သံတမန်ရေးကို အားစိုက်ဖို့လိုတယ်။ စစ်ရေးရော သံတမန်ရေးရော အရေးကြီးပါတယ်။ စစ်ရေးတခုတည်း အားသာနေလို့လည်း မရသလို သံတမန်ရေးတခုတည်း အားသာနေလို့လည်း မရပါဘူး။ နှစ်ခုစလုံးအားသာမှ တော်လှန်ရေးက ရှေ့ကို ရောက်မှာပါ။ တော်လှန်ရေး ရှေ့ရောက်ပြီး လိုချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို ရဖို့အတွက်ဆိုရင် ဘုံရန်သူကို သတိပြုပြီး တပ်ပေါင်းစုဖွဲ့ တွန်းလှန်ကြမှသာလျှင် ဘုံရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကို ချီတက်နိုင်မှာ ဖြစ်ပါတယ်။ စစ်ရေး၊ သံတမန်ရေးတွေနည်းတူ အင်မတန် အရေးကြီးတာက ကျမတို့ လူမျိုးစုံပြည်သူလူထုကြီးရဲ့ တော်လှန်ရေးမှာ ပူးပေါင်းပါဝင်မှုပါ။ ဒီသုံးခုလုံးကို ဟန်ချက်ညီ ပေါင်းစပ်နိုင်မှသာ တော်လှန်ရေးပန်းတိုင်ကို မြန်မြန်သွက်သွက် ချီတက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်မိ ပါတယ်။

**ခင်စုစုဇင်**


**၂၃၊ ၄၊ ၂၀၂၅။**





ဒီတလရဲ့ လူမှုစီးပွါးမြင်ကွင်းကိုတော့ ၂၀၊ ဧပြီ၊ ၂၀၂၅ ကနေ ၂၀ မေ၊ ၂၀၂၅ အထိ တလတာ မြင်လိုက်မိတာလေးကို မှတ်တမ်းပြုထားတာပါ။ ဒီမြင်ကွင်းလေးကို မြင်ရဖို့ လူ့ဘောင်သစ် ဒီမိုကရက်တစ် ပါတီ DPNS ရဲ့ လူထုဆက်ဆံရေးကော်မတီ၊ အချက်အလက်မှတ်တမ်းပြုစုရေးအလုပ်အဖွဲ့ Data Collecting Team က ရဲဘော်တွေ ကြိုးစားခဲ့ကြတာပါ။ တလအတွင်း သတင်းဌာနအစုံကနေ စုဆောင်းရရှိချက်တွေကို ပြန်လည်သုံးသပ် တွေ့ရှိချက်တွေပေါ့။

## ငွေဈေးနှုန်း




















ဒီတလ အမေရိကန်ဒေါ်လာ ဈေးနည်းနည်းတက်တယ်။ ၂၀၂၅ ၊ ဧပြီ ၂၀ ရက်တုန်းက အမေရိကန် ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၄,၄၀၀ ကျပ် ရှိရာကနေ မေ ၂၀ ရက်နေ့မှာတော့ ၄,၄၃၀ ကျပ် ဖြစ်သွားတယ်။ ကြားထဲမှာ တက်လိုက်၊ ကျလိုက်ရှိပေမယ့် နောက်ဆုံးမှာ ၃၀ ကျပ် တက်သွားတာ တွေ့ရပါတယ်။ စင်္ကာပူ ဒေါ်လာလည်း နည်းနည်းတက်တယ်။ ၂၀၂၅၊ ဧပြီ၊ ၂၀ တုန်းက စင်္ကာပူ ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၃,၃၉၀ ကျပ် ဈေးပေါက်နေပြီး မေ ၂၀ မှာတော့ ၃,၄၁၀ ကျပ် ဖြစ်သွားတယ်။ သူလည်း ကြားထဲမှာ နည်းနည်း တက်လိုက်၊ နည်းနည်းကျလိုက်ပဲ။ နောက်ဆုံးတော့ ၂၀ ကျပ် တက်သွားတယ်။ မလေးရှားရင်းဂစ်လည်း ထိုနည်းတူပါပဲ။ ၂၀၂၅၊ ဧပြီ၊ ၂၀ မှာ မလေးရှား ၁ ရင်းဂစ်ကို မြန်မာကျပ်ငွေ ၁၀၀၅ ကျပ် ဈေးပေါက်တယ်။ ကြားထဲမှာ နည်းနည်းတက်လိုက်၊ ကျလိုက်နဲ့။ မေ ၂၀ မှာတော့ ၁,၀၂၀ ကျပ် ဖြစ်သွားတယ်။ ၁၅ ကျပ်လောက် တက်တယ်ပေါ့။ ထိုင်းဘတ်လည်း နည်းနည်းတက်ပါတယ်။ ၂၀၂၅၊ ဧပြီ၊ ၂၀ မှာ ထိုင်း ၁ ဘတ်ကို မြန်မာကျပ်ငွေ ၁၃၁.၅၈ ကျပ် ဈေးပေါက်တယ်။ တဖြည်းဖြည်း နည်းနည်းချင်း ဈေးတက်လာတာ မေ ၂၀ မှာတော့ ၁၃၄.၂၃ ကျပ်ဈေး ဖြစ်သွားတယ်။ ၂.၆၅ ကျပ် တက်သွားတာပါ။ တရုတ်ယွမ်လည်း ခပ်ပါးပါး တက်တယ်။ ၂၀၂၅၊ ဧပြီ ၂၀ နေ့က တရုတ် ၁ ယွမ်ကို မြန်မာကျပ်ငွေ ၆၀၅ ကျပ် ပေါက်ဈေးရှိရာက တဖြည်းဖြည်း တက်လာပြီး မေ ၂၀ မှာတော့ ၆၁၇ ကျပ်ဈေး ဖြစ်သွားတယ်။ ၁၂ ကျပ်လောက် တက်သွားတာပါ။ ၂၀၂၅၊ ဧပြီ၊ ၂၀ ကနေ မေ ၂၀ အထိ တလတာကို ကြည့်မယ်ဆိုရင် မြန်မာကျပ်ငွေ နည်းနည်းကျသွားပြီး နိုင်ငံခြားငွေ ဈေးတွေ နည်းနည်းတက်သွားတယ်ဆိုတာ တွေ့ရပါတယ်။

လွန်ခဲ့တဲ့ ၄ လဖြစ်တဲ့ ၂၀၂၅၊ ဇန်နဝါရီ၊ ၂၀ ရက်က ငွေလဲလှယ်နှုန်းတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ မေ ၂၀ ရက်နေ့ နိုင်ငံတကာငွေဈေးဟာ ကျနေတုန်းပဲလို့ ပြောလို့ရပါတယ်။ ဇန်နဝါရီ ၂၀ ရက်တုန်းက အမေရိကန် ၁ ဒေါ်လာကို မြန်မာကျပ်ငွေ ၄,၆၇၀ ကျပ် ဈေးပေါက်ခဲ့ပြီး အခု မေ ၂၀ မှာ ၄,၄၃၀ ကျပ်ဆိုတော့ ၂၄၀ ကျပ် ကျတယ်လို့ ပြောနိုင်ပါတယ်။ စင်္ကာပူဒေါ်လာကလည်း ဇန်နဝါရီ ၂၀ တုန်းက ၃,၄၃၉ ကျပ်ရှိရာက မေ ၂၀ မှာ ၃,၄၁၀ ကျပ်ဆိုတော့ ၂၉ ကျပ် ကျတယ်ပြောရမယ်။ မလေးရှားရင်းဂစ်လည်း ဇန်နဝါရီ ၂၀ တုန်းက ၁,၀၄၂ ကျပ်ကနေ မေ ၂၀ မှာ ၁,၀၂၀ ကျပ် ဈေးပေါက်တယ်ဆိုတော့ ၁၂ ကျပ် ကျတယ်ပေါ့။ ထိုင်းဘတ်က ဇန်နဝါရီ ၂၀ မှာ ၁၃၆.၆၁ ဈေးပေါက်ရာကနေ မေ ၂၀ မှာ ၁၃၄.၂၃ ကျပ်ဖြစ်သွားတော့ ၂.၃၈ ကျပ် ကျဆင်းနေသေးတယ်။ တရုတ်ယွမ်လည်း ဇန်နဝါရီ ၂၀ တုန်းက ၆၄၅ ကျပ် ပေါက်ရာကနေ မေ ၂၀ မှာ ၆၁၇ ကျပ် ဈေးပေါက်တာဆိုတော့ ၂၈ ကျပ် ကျတယ်လို့ ဆိုရမှာပါ။ ဒါကြောင့် လွန်ခဲ့တဲ့ ၄ လက နိုင်ငံတကာ ငွေဈေးနဲ့ ယှဉ်ရင်တော့ မြန်မာငွေတန်ဖိုးဟာ နည်းနည်းတော့ တက်နေတယ်လို့ တွေ့ရပါတယ်။

## ရွှေဈေး






ဒီတလတာကို ကြည့်ရင် ကမ္ဘာ့ရွှေဈေး ကျဆင်းနေပြီး မြန်မာ့ရွှေဈေးကတော့ တက်နေတာ တွေ့ရပါတယ်။ ၂၀၂၅၊ ဧပြီ၊ ၂၀ ရက်နေ့ ကမ္ဘာ့ရွှေဈေးဟာ ၁ အောင်စကို အမေရိကန်ဒေါ်လာ ၃,၃၂၇ ဒေါ်လာ ဈေးပေါက်ရာကနေ မေ ၂၀ မှာ ၃,၂၁၃ ဒေါ်လာ ဖြစ်သွားတယ်။ ကမ္ဘာ့ရွှေဈေးက ၁၁၄ ဒေါ်လာလောက် ကျသွားပါတယ်။ မြန်မာ့ရွှေဈေးကို ကြည့်ရအောင်။ ဧပြီ ၂၀ ရက်နေ့ အခေါက်ရွှေ ပေါက်ဈေးဟာ ၁ ကျပ်သားကို ၇၄ သိန်း ၃ သောင်းကျပ် ဈေးပေါက်ရာကနေ မေ ၂၀ မှာ ၇၄ သိန်း ၉ သောင်းကျပ် ဖြစ်သွားတယ်။ ၆ သောင်းကျပ်လောက် တက်သွားတယ်လို့ ပြောရမယ်။ ၁၅ ပဲရည်က ဧပြီ ၂၀ မှာ ၁ ကျပ်သားကို သိန်း ၇၀ နဲ့ ၃ သောင်းကျပ် ဈေးပေါက်ရာကနေ မေ ၂၀ မှာတော့ သိန်း ၇၀ နဲ့ ၉ သောင်းကျပ်ဈေး ဖြစ်သွားတယ်။ ၁၅ ပဲရည်လည်း ၆ သောင်းကျပ် ဈေးတက်သွားတယ်။

လွန်ခဲ့တဲ့ ၄ လ ဖြစ်တဲ့ ၂၀၂၅ ဇန်နဝါရီ ၂၀ က ရွှေဈေးတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ကမ္ဘာ့ရွှေဈေး ရော မြန်မာ့ရွှေဈေးပါ တက်နေတယ်လို့ ပြောရမှာပါ။ ဇန်နဝါရီ ၂၀ ရက် ကမ္ဘာ့ရွှေဈေးဟာ ၁ အောင်စကို အမေရိကန် ဒေါ်လာ ၂,၆၉၈ ဒေါ်လာ ဈေးပေါက်ရာကနေ မေ ၂၀ မှာ ၃,၂၁၃ ဒေါ်လာ ဈေးပေါက်တယ်ဆိုတော့ ၁ အောင်စကို အမေရိကန်ဒေါ်လာ ၅၁၅ ဒေါ်လာ ဈေးတက်သွားတယ်ပေ့ါ။ မြန်မာ့ရွှေဈေးကွက်ကိုကြည့်ရင် အခေါက်ရွှေက ဇန်နဝါရီ ၂၀ မှာ ၆၅ သိန်းကျပ် ဈေးပေါက်ရာကနေ မေ ၂၀ မှာ ၇၄ သိန်း ၉ သောင်းကျပ် ဈေးပေါက်သွားတော့ ၉ သိန်း ၉ သောင်းကျပ်အထိ တက်သွားတာ တွေ့ရတယ်။ ကျပ် ၁၀ သိန်း နီးနီးပါပဲ။ ၁၅ ပဲရည်မှာဆို ရင် ဇန်နဝါရီ ၂၀ တုန်းက ၁ ကျပ်သားကို ၆၃ သိန်းကျပ် ဈေးပေါက်ရာကနေ မေ ၂၀ မှာ သိန်း ၇၀ နဲ့ ၉ သောင်းဈေးအထိ ဖြစ်သွားတယ်ဆိုတော့ ၇ သိန်း ၉ သောင်းကျပ်လောက် တက်သွားတယ်။ ၈ သိန်းကျပ်နီးနီး ဈေးတက်သွားတာပေ့ါ။

**ဆန်ဈေး**

အစိုးရက ဆန်နဲ့ပတ်သက်ပြီး ထိန်းချုပ်မှုတွေ၊ တင်းကြပ်မှုတွေ တနေ့တခြား တိုးတိုးပြုလုပ်လာနေတာ တွေ့ရတယ်။ ဆန်ဈေးနှုန်းဟာ အစိုးရသတ်မှတ်ဈေးနှုန်းတွေသာ စာရွက်ပေါ် တည်တည်ငြိမ်ငြိမ်ရှိနေတာပါ။ လက်တွေ့မှာ ဈေးတောင်ကျလာတယ် ပြောရမယ်။ အပြင်ပေါက်ဈေးကတော့ မငြိမ်ဘူးလို့


ပြောနိုင်ပါတယ်။ အစိုးရသတ်မှတ်တဲ့ ဆန်ရည်ညွှန်းဈေးတွေကတော့ ၂၀၂၅၊ ဧပြီ ၂၀ ရက်နေ့မှာ ဆန်ချောက တပြည်ကို ၈,၀၀၀ ကျပ်၊ ဆန်ကြမ်းက တပြည်ကို ၄,၄၀၀ ကျပ်ပါ။ မေ ၂၀ မှာ ဆန်ချောက တပြည်ကို ၆,၅၀၀ ကျပ်၊ ဆန်ကြမ်းက တပြည်ကို ၄,၀၀၀ ကျပ် ဖြစ်သွားတယ်။ ဆန်ချောက တပြည်ကို ၁,၅၀၀ ကျပ် ကျဆင်းသွားသလို၊ ဆန်ကြမ်းက တပြည်ကို ၄၀၀ ကျပ် ကျဆင်းသွားပါတယ်။

ဒါပေမယ့် လက်တွေ့ အပြင်ဈေးကွက်မှာတော့ အစိုးရသတ်မှတ်ဈေးအတိုင်း ရောင်းဝယ်နေကြတာတော့ မဟုတ်ပါဘူး။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ သယ်ယူပို့ဆောင်ရေး အခက်အခဲ၊ လယ်လုပ်သားရှားပါးမှု အခက်အခဲ စတဲ့ အခက်အခဲတွေကြောင့် ကုန်ကျစရိတ်တွေ မြင့်တက်နေတယ်လို့ သိရတယ်။ အစိုးရသတ်မှတ်ဈေးအတိုင်း ရောင်းဝယ်မယ်ဆိုရင် စရိတ်မကာမိတာကြောင့် အစိုးရ သတ်မှတ်ဈေးထက် အပြင်ပေါက်ဈေးက ပိုပြီး မြင့်နေတာ ဖြစ်တယ်လို့ သိရတယ်။ အစိုးရကလည်း ဆန်ကုန်သည်တွေ၊ ဆန်စက်ပိုင်ရှင်တွေကို ခေါ်ယူသတိပေးတာတွေ၊ ရှောင်တခင် ဝင်ရောက်ပြီး စစ်ဆေးတာတွေ လုပ်လာတာတွေ့ရတယ်။ ဒါကြောင့် လတ်တလောအားဖြင့် ဆန်ဈေးကွက်ဟာ မတည်မငြိမ်ဖြစ်နေတာ တွေ့ရပါတယ်။

**စားသုံးဆီ**

စားသုံးဆီတွေဖြစ်ကြတဲ့ ပဲဆီနဲ့ စားအုန်းဆီ ဈေးနှုန်းတွေကလည်း မပြောင်းမလဲ တည်ငြိမ်နေတာ တွေ့ရတယ်။ ၂၀၂၅၊ ဧပြီ ၂၀ ရက်ကနေ မေ ၂၀ ရက်တွေအတွင်း တလတာကာလမှာ ပဲဆီဈေးနှုန်းဟာ ၁ ပိဿာကို ၂ သောင်း ၄ ထောင်ကျပ်ပဲ ရှိပါတယ်။ မတက်သလို ကျလည်း မကျဘူး။ စားအုန်းဆီကလည်း ဒီလိုပါပဲ။ ၂၀၂၅၊ ဧပြီလ၊ ၂၀ ရက်ကနေ မေလ ၂၀ ရက်နေ့အထိ စားအုန်းဆီ ၁ ပိဿာဈေးနှုန်းဟာ တသောင်းနှစ်ထောင်ကျပ်မှာပဲ မြဲနေပါတယ်။ လွန်ခဲ့တဲ့ ၄ လ ဖြစ်တဲ့ ၂၀၂၅၊ ဇန်နဝါရီ၊ ၂၀ ရက်က ပဲဆီဈေးနှုန်းနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အဲဒီနေ့က ပဲဆီ ၁ ပိဿာဈေးနှုန်းဟာ ၂၃,၅၀၀ ကျပ်ဆိုတော့ ကျပ် ၅၀၀ ဈေးတက်လာတဲ့ သဘောပါ။ စားအုန်းဆီကတော့ အတက်အကျ မရှိပါဘူး။ လွန်ခဲ့တဲ့ ၄ လဖြစ်တဲ့ ၂၀၂၅၊ ဇန်နဝါရီ၂၀ ရက်နေ့ စားအုန်းဆီပေါက်ဈေးဟာ ၁ ပိဿာကို တသောင်းနှစ်ထောင်ကျပ်ပဲ ဖြစ်တာတွေ့ရတယ်။

**စက်သုံးဆီ**





၂၀၂၅၊ ဧပြီ၊ ၂၀ ရက်ကနေ မေ ၂၀ ရက်နေ့အထိ တလတာကာလရဲ့ စက်သုံးဆီဈေးနှုန်းတွေကို လေ့လာကြည့်တဲ့အခါ စက်သုံးဆီဈေးနှုန်းတွေ ကျဆင်းလာတာကို တွေ့နိုင်ပါတယ်။ 92 စက်သုံးဆီ ဈေးနှုန်းဟာ ဧပြီ ၂၀ မှာ တလီတာကို ၃,၀၁၀ ကျပ် ဈေးပေါက်ရာကနေ တဖြည်းဖြည်းကျလာတာမှာ မေ ၂၀ ရက်ရောက်တော့ တလီတာကို ၂,၇၅၀ ကျပ် ဖြစ်သွားတယ်။ 92 တလီတာကို ၂၆၀ ကျပ် ဈေးကျသွားတယ်။ 95

စက်သုံးဆီဈေးနှုန်း ကလည်း ဧပြီ ၂၀ မှာ တလီတာကို ၃,၀၁၀ ကျပ်ဈေးပေါက်ရာနေ တဖြည်းဖြည်းကျ လာတာမှာ မေ ၂၀ ရက် ရောက်တော့ တလီတာကို ၂,၈၀၅ ကျပ် ဖြစ်သွားတယ်။ 95 တလီတာကို ၁၆၀ ကျပ် ဈေးကျသွားပါတယ်။ ဒီဇယ်လည်း ထို့အတူပဲ။ ဧပြီ ၂၀ ရက်နေ့မှာ ဒီဇယ်တလီတာ ဈေးနှုန်းဟာ ၂,၅၉၀ ကျပ်ရှိရာကနေ မေ ၂၀ ရက် မှာတော့ ၂,၃၂၀ ကျပ် ဖြစ်သွားတယ်။ ဒီဇယ် တလီတာကို ၂၇၀ ကျပ် ဈေးကျ သွားပါတယ်။


လွန်ခဲ့တဲ့ ၄ လတာ ကာလဖြစ်တဲ့ ၂၀၂၅ ခု၊ ဇန်နဝါရီ ၂၀ ရက်နဲ့ ပြန်ပြီးနှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ စက် သုံးဆီဈေးနှုန်းတွေ တော်တော်ကျဆင်းသွားတာကို တွေ့ရပါတယ်။ 92 စက်သုံးဆီဈေးနှုန်းဟာ ဇန်နဝါရီ ၂၀ မှာ တလီတာကို ၃,၀၇၅ ကျပ်ဈေးပေါက်ခဲ့တယ်။ အခု မေ ၂၀ မှာ ၂,၇၅၀ ကျပ်ဆိုတော့ 92 စက်သုံးဆီ တလီတာကို ၃၂၅ ကျပ်ဈေးလောက် ကျဆင်းသွားတာပါ။ 95 စက်သုံးဆီဈေးက ဇန်နဝါရီ ၂၀ မှာ တလီတာကို ၃,၁၄၀ ကျပ်ဈေး ပေါက်ရာကနေ အခု မေ ၂၀ မှာ ၂,၈၀၅ ကျပ်ဈေးဆိုတော့ ၄ လတာကာလအတွင်း 95 တလီတာကို ၃၃၅ ကျပ် ဈေးအထိ ကျဆင်းသွားတာ တွေ့ရတယ်။ ဒီဇယ် ဈေးနှုန်းကလည်း ဇန်နဝါရီ ၂၀ မှာ တလီတာကို ၂,၇၄၀ ကျပ် ဈေး ပေါက်တယ်။ အခု မေလ ၂၀ ရက်နေ့မှာတော့ ၂,၃၂၀ ကျပ်ဈေး ဖြစ်သွားတယ် ဆိုတော့ ဒီဇယ် တလီတာကို ၄၂၀ ကျပ်အထိ ကျဆင်းသွားတယ်လို့ ပြောနိုင်ပါတယ်။

**ကြက်သွန်**













ဒီတလရဲ့ ကြက်သွန်ဈေးတွေကတော့ အလှုပ်အခတ် နည်းနည်းကြီးတယ် ပြောရမယ်။ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူဈေးနှုန်းတွေကလည်း ပြောင်းပြန်ဖြစ်နေတယ်။ ကြက်သွန်နီဈေးက တက်ပြီး ကြက်သွန်ဖြူဈေး က ကျနေပါတယ်။ ၂၀၂၅၊ ဧပြီ ၂၀ ရက်နေ့ ကြက်သွန်နီ ၁ ပိဿာပေါက်ဈေးဟာ ၂,၀၀၀ ကျပ် ရှိရာကနေ ၂၂



ရက်နေ့မှာ ၅၀၀ ကျပ်ခုန်တက်သွားတာ ကြက်သွန်နီ ၁ ပိဿာ ၂,၅၀၀ ကျပ်ဖြစ်သွားတယ်။ မေလ ၂ ရက်နေ့ရောက်တော့ ၁၀၀ ကျပ်ကျသွားပြီး ၂,၄၀၀ ကျပ်ဖြစ်သွားတာ မေ ၂၀ အထိ ၂,၄၀၀ ကျပ်ဈေးပဲ။ ပြန်ချုပ်ရရင် တလအတွင်း ၄၀၀ ကျပ် တက်သွားတယ်ပေါ့။ ကြက်သွန်ဖြူကကျတော့ ၂၀၂၅ ခု၊ ဧပြီလမှာ ၁ ပိဿာကို ၂၅,၀၀၀ ကျပ် ဈေးပေါက်တယ်။ သူလည်း ဧပြီ ၂၂ ရက်နေ့မှာ ရုတ်တရက် ထိုးကျသွားတယ်။ ၁ ပိဿာကို ၁၆,၀၀၀ ကျပ်ဈေးအထိ ဖြစ်သွားတယ်။ တပိဿာ ၉ ထောင်လောက်ကို ထိုးကျသွားတာ။ မေ ၉ ရက်နေ့မှာလည်း ထပ်ပြီး ထိုးကျပြန်တယ်။ ၁၄,၀၀၀ ကျပ် ဖြစ်သွားတယ်။ ၂ ထောင်ကျပ်လောက် ထပ်ပြီး ထိုးကျတာ။ အဲဒါ မေ ၂၀ ရက်နေ့အထိ ၁၄,၀၀၀ ကျပ်ဈေးပဲ။

လွန်ခဲ့တဲ့ ၄ လတာ နဲ့ ပြန်ပြီး နှိုင်းယှဉ်ကြည့်မယ်ဆိုရင်တော့ ကြက်သွန်ဈေးတွေ တော်တော်ကျသွားတယ်လို့ ဆိုနိုင်ပါတယ်။ ၂၀၂၅၊ ဇန်နဝါရီ၊ ၂၀ တုန်းက ကြက်သွန်နီ ၁ ပိဿာ ပေါက်ဈေးဟာ ၆,၀၀၀ ကျပ်ပါ။ အခု မေ ၂၀ မှာ ၂,၄၀၀ ကျပ်ဆိုတော့ တပိဿာကို ၃,၆၀၀ ကျပ်လောက် ကျသွားတဲ့သဘောပေါ့။ ကြက်သွန်ဖြူကို ကြည့်မယ်ဆိုရင်လည်း ၂၀၂၅၊ ဇန်နဝါရီလတုန်းက ကြက်သွန်ဖြူ ၁ ပိဿာပေါက်ဈေးဟာ ၂၅,၀၀၀ ကျပ် ရှိပါတယ်။ မေ ၂၀ ကျတော့ ကြက်သွန်ဖြူ ၁ ပိဿာကို ၁၄,၀၀၀ ကျပ် ဖြစ်သွားတယ်။ ၄ လတာ ကာလအတွင်းမှာ ကြက်သွန်ဖြူ ၁ ပိဿာပေါက်ဈေးဟာ တသောင်းတထောင်လောက် ထိုးကျသွားတယ်လို့ ဆိုနိုင်ပါတယ်။

**တောင်းပန်လွှာ။ ။** ပြီးခဲ့တဲ့ တလတာ (၂၀၂၅၊ မတ် ၂၁ ရက်ကနေ ဧပြီ ၂၀ ရက်အထိ) လူမှုစီးပွါးမြင်ကွင်းကို ပြီးခဲ့တဲ့ ပါတီစာစဉ်(ဧပြီလ စာစဉ်)မှာ မထည့်ဖြစ်ခဲ့တဲ့အတွက် အနူးအညွတ် တောင်းပန်အပ်ပါတယ်။ အဲဒီကာလတွေတုန်းက မြန်မာနိုင်ငံမှာ စစ်ကိုင်းငလျင်ကြီး ပြင်းပြင်းထန်ထန် လှုပ်ခတ်ခဲ့ပြီး ထိခိုက်ပျက်စီးမှု လည်း များခဲ့တာကြောင့် သတင်းဌာနတွေက ဖော်ပြလေ့ရှိတဲ့ ပုံမှန် စီးပွားရေးဆိုင်ရာသတင်းတွေ နည်းပါးခဲ့ ပြီး ငလျင်သတင်းတွေကို ဦးစားပေး ဖော်ပြခဲ့ကြတယ်။ ကုန်စည်ဈေးနှုန်း ဈေးကွက်တချို့ကလည်း သတင်း ဖော်ပြလို့ ခက်လောက်အောင် ဈေးကွက်ကသောင်းကနင်း ဖြစ်ခဲ့တယ်။ အကျိုးဆက်ကတော့ ပြီးခဲ့တဲ့ တလတာရဲ့ လူမှုစီးပွါးမြင်ကွင်းကို စာဖတ်ပရိသတ်ဆီ ရောက်မလာခဲ့ဘူးပေါ့။ အဲ့ဒီအတွက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၊ Data Collecting Team က ရဲဘော်တွေအနေနဲ့ အနူးအညွတ် တောင်းပန်အပ်ပါတယ်။

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၏ လှုပ်ရှားမှုပုံရိပ်များ














# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၏ လှုပ်ရှားမှုပုံရိပ်များ

လူ့ဘောင်သစ်လူငယ် ( Youth for A New Society ( YNS ) )
ရဲဘော်များ၏ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှု
၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၄ ရက်၊ ရန်ကုန်
(ညာဖက် ပုံ)



---

အတုအယောင် ရွေးကောက်ပွဲ ဆန့်ကျင်လှုပ်ရှားမှု
( ASECC ) ရဲ့ Photo Campign
(အောက်ဖက်မှ ပုံများ)












# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၏ လှုပ်ရှားမှုပုံရိပ်များ










# လူထုအောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS) ၏ လှုပ်ရှားမှုပုံရိပ်များ

## နိုင်ငံရေးအကျဉ်းသားဟောင်း ဒေါက်တာနေဝင်း (၁၉၆၀–၂၀၂၅)၏ စျာပနသို့ DPNS က ဂုဏ်ပြုပန်းခြင်း ပေးပို့














# ဝမ်းနည်းမှတ်တမ်း

## ဦးစောနိုင် (အသက် ၅၆ နှစ် / ၁၉၇၀ - ၂၀၂၅)

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
ပေါင်းတည်မြို့နယ် ပါတီကော်မတီ

- ၁၉၇၀ ခု၊ မတ်လ ၃ ရက်တွင် အမိ ဒေါ်တင်နွဲ့၊ အဘ ဦးစိုးမြင့်တို့က ပဲခူးတိုင်း၊ ပေါင်းတည်မြို့၌ ဖွားမြင်သည်။
- ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံ၌ သပိတ်မှောက်ကျောင်းသားတဦးအဖြစ် ပါဝင် လှုပ်ရှားခဲ့ပြီး၊ ပေါင်းတည်မြို့ အခြေခံပညာကျောင်းသားသမဂ္ဂအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၈၉ တွင် လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီသို့ ဝင်ရောက်ခဲ့ပြီး ၁၉၉၀ - အထွေထွေရွေးကောက်ပွဲတွင် ပါတီတာဝန်တရပ်အဖြစ် ပေါင်းတည်ဒေသ အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အောင်နိုင်ရေး ဝန်းရံလှုပ်ရှားမှု ဆောင်ရွက်ခဲ့သည်။

## ဦးစောနိုင်

(အသက် ၅၆ နှစ် / ၁၉၇၀ - ၂၀၂၅)



ရဲဘော်စောနိုင်
အသက် (၅၆) နှစ်

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
ပေါင်းတည်မြို့နယ် ပါတီကော်မတီ

- ၁၉၈၉၊ ၁၉ ဇူလိုင် အာဏာဖီဆန်ရေး လှုပ်ရှားမှုကြောင့် ဖမ်းဆီး၊ ပြစ်ဒဏ်ပေးခံရသည်။



- ပြန်လည်လွတ်မြောက်ပြီးနောက် ပေါင်းတည် ပြည်သူ့အကျိုးဆောင်ကွန်ရက်၊ မင်္ဂလာဇေယျပညာဒါနကျောင်း တို့တွင် ပရဟိတလုပ်ငန်းများ၊ ပညာဒါနလုပ်ငန်းများ ဆောင်ရွက်၍ လူထုအရေး အကျိုးဆောင် လုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။ လယ်သမားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက် ခဲ့သည်။

- ၂၀၁၂ တွင် မိခင်ပါတီ (လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ) နှင့် ပြန်လည်ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ခဲ့သည်၊ ပေါင်းတည်မြို့နယ်ပါတီကော်မတီတွင် တာဝန်ယူခဲ့သည်။



- ၂၀၁၅ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး ကျောင်းသားသပိတ်တွင် ပါတီတာဝန်တရပ်အဖြစ် ဝန်းရံပါဝင်ခဲ့သည်။
- ၂၀၂၁၊ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော လှုပ်ရှားမှုများတွင် ပေါင်းတည်ဒေသအတွင်း တက်ကြွစွာ ပါဝင်လှုပ် ရှားခဲ့သည်။








- စစ်အာဏာသိမ်းအစိုးရ၏ မတရားလိုက်လံဖမ်းဆီးမှုကို ရှောင်တိမ်းရင်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဆက်ဆံရေးရုံးသို့ ရောက်ရှိ၊ တာဝန်ထမ်းဆောင်ခဲ့သည်၊
- ၂၉၊ ၄၊ ၂၀၂၅ မကွယ်လွန်မီအထိ တော်လှန်ရေးဘက်တော်သားများအား ဝန်းရံ ကူညီ စောင့်ရှောက်ခြင်း အလုပ်များ တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သည်။



# ဝမ်းနည်းမှတ်တမ်း

## ရဲဘော်ဝဏ္ဏ ( ၁၉၆၄-၂၀၂၅ )
## ကိုယ်ရေးအကျဉ်း

ဥက္ကဋ္ဌ၊
လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီ
ပြည်မြို့နယ်ပါတီကော်မတီ

---

- အမိ ဒေါ်ခင်ခင်ကူး၊ အဘ ဦးညွန့်လှိုင်တို့မှ ပြည်မြို့တွင် ၁၉၆၄၊ မေ၊ ၁၅ ရက်၌ ဖွားမြင်ခဲ့။
- ပြည်မြို့ ရွှေကူ အမက၊ ပြည်_အထက (၂)၊ ပြည်ကောလိပ်၊ ပုသိမ်ဒီဂရီကောလိပ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့။
- ၁၉၈၈ အရေးတော်ပုံကြီး၌ ပုသိမ် ဒီဂရီကောလိပ် ကျောင်းသားသမဂ္ဂတွင် ပါဝင်လှုပ်ရှားခဲ့။
- ၁၉၈၈၊ နိုဝင်ဘာတွင် လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီသို့ ဝင်ရောက်ခဲ့။ ပြည်မြို့နယ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့။
- ၁၉၉၀ တွင် နဝတ စစ်အစိုးရက ပုဒ်မ ၅ (ည) ဖြင့် ဖမ်းဆီးထောင်ချခံခဲ့ရ။




- ၁၉၉၂ ပြန်လည်လွတ်မြောက်ချိန်မှစ၍ ပြည်သူ့အခွင့်အရေးလှုပ်ရှားမှုများ၊ လယ်သမားအရေးလှုပ်ရှားမှုများ၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းဆန့်ကျင်ရေး၊ မြစ်ဆုံဆည်စီမံကိန်းဆန့်ကျင်ရေး၊ စစ်ဆန့်ကျင်ရေးနှင့် ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် တက်ကြွစွာ ပါဝင်ခဲ့။ ဒေသလူထု၏ ပညာရေး လူမှုရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခဲ့။



- ၂၀၁၁ တွင် လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီ_စုစည်းရေးကော်မတီနှင့် ပြန်လည်ဆက်သွယ်၍ ပါတီတာဝန် များ ပြန်လည်ထမ်းဆောင်ခဲ့။

- ၂၀၁၄ တွင် လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီ ပြည်မြို့နယ်ပါတီကော်မတီ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၅ တွင် ပြည်ခရိုင်ပါတီကော်မတီ၏ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူခဲ့။



- ၂၀၁၅_ဒီမိုကရေစီပညာရေးသပိတ်ကို ပါတီတာဝန်ကရဂ်အဖြစ် ထောက်ခံ ဝန်းရံခဲ့။ ၂၀၁၅ နိုဝင်ဘာ၌ ငြိမ်းစု စီပုဒ်မ ၁၈/ ၁၉ တို့ဖြင့် ဒုတိယအကြိမ် ဖမ်းဆီး၍ ထောင်ချခံခဲ့ရ။
- ၂၀၁၅ အထွေထွေရွေး ကောက်ပွဲတွင် ရတ်ိုင်ပြည် သံတွဲခရိုင် ပါတီအောင်နိုင်ရေးလှုပ်ရှားမှုတွင် ဦးဆောင်ပါဝင်ခဲ့။ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် မြင်းခြံခရိုင် ပါတီအောင်နိုင်ရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ခဲ့။




- ၂၀၁၈_၁ထမအကြိမ် နိုင်ငံလုံးဆိုင် ရာ ပါတီ စုံညီအစည်းအဝေးက ဗဟိုကော်မတီဝင်အဖြစ် တာဝန်ပေးခံခဲ့ရ၊ ပါတီ စည်းရုံးရေးမှူးသင်တန်း အပတ်စဉ် (၁) သို့ တက်ရောက်ခဲ့။



- ၂၀၂၀_ဖေဖော်ဝါရီ စစ်အာဏာသိမ်းမှုအား ဒေသခံပြည်သူများနှင့်အတူ ဆန့်ကျင်ဆန္ဒပြခဲ့၊ ၂၀၂၀ ဒီဇင်ဘာတွင် ပါတီဗဟိုစည်းရုံးရေးကော်မတီ ပြန်လည်စုဖွဲ့သောအခါ ကျန်းမာရေးအခြေအနေနှင့် မိသားစုအခြေအနေတို့ ကြောင့် ဗဟိုအဆင့်ခေါင်းဆောင်မှုတာဝန်များမှ အနားယူခဲ့။
- ၂၀၂၅၊ မေလ၊ ၂၃ ရက် ကွယ်လွန် ကုသိုလ်ချိန်တွင် ဇနီး ဒေါ်ခင်စန်းလွင်နှင့် သား ၁ ဦး ကျန်ရစ်သည်။